# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၅၁)၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ ၈-၅-၂၀၂၆၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိသည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသောပတ္တမြားကြီးအား ကြည့်ရှု

## ယခုရှာဖွေတွေ့ရှိခဲ့သော ပတ္တမြားသည် အလေးချိန် ၂၂၀၀ ဂရမ် (၁၁၀၀၀ ကရက်) ရှိ



နေပြည်တော် မေ ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကျင်းပပြီး ပြည်သူများ၏ဆန္ဒနှင့်အညီ ဆန္ဒမဲပေးရွေးချယ်ခဲ့သည့် ဒီမိုကရေစီအစိုးရအဖွဲ့ တာဝန်ယူပြီးနောက် မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်မြန်မာနှစ်သစ်ကူးကာလ လွန်မြောက်သောအချိန်အခါသမယတွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်ရတနာမြေမှ ထူးခြားလှပပြီး အရွယ်အစားကြီးမားသည့် ပတ္တမြားတစ်ပွင့် ရှာဖွေတွေ့ရှိခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

အဆိုပါ ပတ္တမြားကြီးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊

စာမျက်နှာ ၃ သို့ ☆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိသည့် ထူးခြားလှပပြီး အရွယ်အစား ကြီးမားသောပတ္တမြားကြီးအား ကြည့်ရှုစစ်ဆေးစဉ်။

## ယနေ့ ဖတ်စရာအညွှန်း


၂၀၂၇ ခုနှစ်တွင် စီးပွားရေး ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်ရန် ရည်မှန်းထားသည်ဟု အင်ဒိုနီးရှားစီမံကိန်းဝန်ကြီး ထုတ်ဖော်ပြောကြား

စာမျက်နှာ ၈

ဥရောပချန်ပီယံလိဂ်ဗိုလ်လုပွဲအဆင့်တွင် ပီအက်စ်ဂျီအသင်းနှင့် အာဆင်နယ်အသင်းတို့ တွေ့ဆုံ

စာမျက်နှာ ၁၁

ရေအားမှ သန့်စင်လျှပ်စစ်စွမ်းအင်သို့ ပြောင်းလဲခြင်း(၁) (ဆောင်းပါး)

စာမျက်နှာ ၁၄


## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၇

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့်ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၆ ခုနှစ်၊ မေ ၈ ရက်၊ သောကြာနေ့။

မန္တလေး

## ဗလငါးတန် ပွံ့ဖြိုးတိုးတက်လာအောင် ပြုစုပျိုးထောင်ပေးလျက်ရှိ

ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အတွက် တန်ဖိုးကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ တန်ဖိုးကြီးသည့် အရင်းအနှီးကို အချိန်ကာလရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်ကြရသည်။ ပညာကိုအခြေခံသည့် ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ စာရိတ္တဗလ၊ မိတ္တဗလဟူသော ဗလငါးတန် ဖွံ့ဖြိုးတိုးတက်လာအောင် ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးကြရမည်ဖြစ်သည်။ ဗလငါးတန်တွင် ဉာဏဗလဖြစ်သည့် ပညာတတ်လူငယ်များ စဉ်းစားချင့်ချိန် ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ပညာများ တိုးပွားလာအောင် ဖန်တီးပေးကြရမည်ဖြစ်သည်။

ယနေ့ ပညာသင်ကြားနေသော လူငယ်လူရွယ်များအကြားတွင် ဗလငါးတန် ပြည့်စုံကြွယ်ဝရေးကို ဆောင်ရွက်လျက်ရှိသည်။ လူငယ်များအနေဖြင့် ပညာတတ်ရေးကိုသာ အားထုတ်ကြိုးပမ်းကြရမည်ဖြစ်ပြီး ပညာတတ်မြောက် အတန်းပြီးမြောက်အောင် သင်ကြားရမည်ဖြစ်သည်။ နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေး၊ အားကစားနည်းအလိုက် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေး၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိစေရေးနှင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံစေရေးတို့အတွက် အားကစားကဏ္ဍနှင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် လူ့အဖွဲ့အစည်းတွင် တန်ဖိုးရှိသောလူဖြစ်လာစေရန် ကောင်းသောစာရိတ္တဥ် အကျင့်ရလာစေရန် လေ့ကျင့်ပေးရမည်ဖြစ်သည်။ စာရိတ္တပျိုးထောင်ရေးအလုပ်ကို ဦးစွာပြုလုပ်ပေးရသူမှာ မိဘနှစ်ပါးဖြစ်သည်။ ထို့ကြောင့် မိဘနှစ်ပါးကို လက်ဦးဆရာဟုခေါ်ကြသည်။ ထို့နောက် ကျောင်းနေအရွယ်သို့ ရောက်ရှိလာသောအခါ စာသင်ကြားပေးသော ဆရာ၊ ဆရာမများက ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုမျှမပြီးသေးပါ။ ဘွဲ့ရလာသည်အထိ သင်ကြားပြီး မိမိ၏စာရိတ္တကို ထူထောင်ရပါသည်။ ထို့ပြင် ပတ်ဝန်းကျင်ကလည်း လူကို ပြုပြင်တတ်လေရာ ကောင်းသောပတ်ဝန်းကျင်၌ နေရသည်။ မင်္ဂလာတရားစကားနှင့်ဆိုရလျှင် ပညာရှိကိုဆည်းကပ်၍ လူမိုက်ကို ရှောင်ကြဉ်ရမည်ဖြစ်သည်။

လူငယ်များအား စာရိတ္တပျိုးထောင်ရာတွင် ရှေးကဘုန်းကြီးကျောင်းပညာသင်ကြားရေးသည် အလွန်အကျိုးများ ထိရောက်သည်ဟု ထင်ရသည်။ ဘုန်းကြီးကျောင်းရောက်သည်နှင့် တစ်ပြိုင်နက် ဘုရားစာအရင်သင်ရသည်။ သင်ပုန်းကြီးစ သင်ကြားရပြီး ၅၅၀ ဇာတ်၊ လောကနီတိ ဆုံးမစာအမျိုးမျိုးကို သင်ကြားရသည်။ ဆုံးမစာများ၏ သဘောအချုပ်သည် ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးကို ယဉ်ကျေးအောင် ဦးတည်သည်ချည်းဖြစ်သည်။ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ ၎င်းတို့၏ အနာဂတ်ဘဝတစ်လျှောက်တွင် လူတစ်လုံး သူတစ်လုံး ရပ်တည်ရှင်သန်နိုင်စေရန်နှင့် နိုင်ငံအတွက်လည်း သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်လာစေရန် လိုအပ်သောအရည်အသွေး၊ အရည်အချင်းများ ဖြည့်ဆည်းပေးနိုင်ရေးပင်ဖြစ်သည်။ လူငယ်တို့၏ အကျင့်စာရိတ္တပျိုးထောင်ရေးသည် အဓိကကျလှပါသည်။ နိုင်ငံတော်က လူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် ပညာရေးကဏ္ဍနှင့် လူငယ်ကဏ္ဍကို ပြုစုပျိုးထောင်မြေတောင်မြှောက် ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပြင်ဦးလွင်မြို့နယ်၌ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ၏ စွမ်းရည်မြှင့်သင်တန်း(၁/၂၀၂၆) ဖွင့်လှစ်

ပြင်ဦးလွင် မေ ၇

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် အလုပ်ရှင်၊ အလုပ်သမားကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်၍ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးဖွင့်လှစ်သော အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ၏ စွမ်းရည်မြှင့်သင်တန်း(၁/၂၀၂၆)ကို ယနေ့နံနက် ၁၀ နာရီက အလုပ်သမားဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းတွင် သင်တန်းနည်းပြအဖြစ် အလုပ်သမားဆက်ဆံရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းထွန်းက သင်ကြားပို့ချရာတွင် အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေအကြောင်းအရာများအားလည်းကောင်း၊ အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာစေရန်လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုအား တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာရရှိခံစားနိုင်စေရန်လည်းကောင်း ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းသည့်ဥပဒေအကြောင်းအရာများကို သင်ကြားပို့ချခဲ့သည်။

အဆိုပါ သင်တန်းသို့ ပြင်ဦးလွင်မြို့နယ်ရုံးမှ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)အဖွဲ့ဝင်သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သွေးသွေး(ပြန်/ဆက်)

**သတင်းများ Online မှ တစ်ဆင့်ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)

## ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူနေမှုကို တိုင်းဒေသကြီးဦးစီးမှူး ကြည့်ရှုအားပေး

မန္တလေး မေ ၇

မန္တလေး၊ အောင်မြေသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးထွန်းဝင်းနှင့်ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ပြည်သူများအား ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို မေ ၆ ရက်က မြို့နယ်ရုံးတွင် ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဆန်း(ခ)ဦးညီညီ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင် ဦးမောင်မောင်အေး (ခရိုင်လဝကဦးစီးမှူး)၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကြပြီး ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားကာ နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေးကာ ပြည်သူများထံ လက်ရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

## ရက်(၁၀၀)စီမံချက်ဆောင်ရွက်မှုကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်

မန္တလေး မေ ၇

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် သန့်ရှင်းရေးဌာန ဌာနမှူးနှင့် တာဝန်ရှိသူများက ရက်(၁၀၀)စီမံချက် ဆောင်ရွက်မှုကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ် နဒီမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် ဗေဒါများဆယ်ယူခြင်းနှင့် မြောင်းပတ်ဝန်းကျင်ရှိ မြက်ချုံနွယ်များရှင်းလင်းခြင်းလုပ်ငန်းကို လူအင်အားနှင့် Power Plub စက်ယန္တရားဖြင့် ဆယ်ယူရှင်းလင်းဆောင်ရွက်ကြရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လုပ်ငန်းလိုအပ်ချက်များအား ဌာနများအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❖ ပတ္တမြားကြီးအနေဖြင့် ခရမ်းရောင်သမ်းသော အနီရောင်တွင် အဝါရိပ်ဖောက်သောအရောင်ရှိပြီး အရောင်အဆင့်အတန်းအားဖြင့် ကောင်းမွန်
❖ အလင်းပေါက်အား သင့်တင့်ပြီးဖန်ရောင်လက်ကောင်းမွန်ကာ ပြုပြင်ထားခြင်းမရှိသော သဘာဝအတိုင်းရှိသည့် ပတ္တမြားကြီးဖြစ်
❖ ၁၉၉၆ ခုနှစ်တွင် ရရှိခဲ့သော ပတ္တမြားသည် အလေးချိန်အားဖြင့် အများဆုံး ဖြစ်သော်လည်း အရောင်နှင့် အရည်အသွေးနှိုင်းယှဉ်ပါက ယခုနောက်ဆုံးတွေ့ရှိခဲ့သော ပတ္တမြားသည် အရောင်နှင့်အရည်အသွေး ပိုမိုကောင်းမွန်သောကြောင့် တန်ဖိုးပိုမိုမြင့်မား



မိုးကုတ်ရတနာမြေမှ ရှာဖွေတွေ့ရှိသည့် ထူးခြားလှပပြီး အရွယ်အစားကြီးမားသော ပတ္တမြားကြီးအား တွေ့ရစဉ်။

☆ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမဆောင်၌ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတရုံးပြည်ထောင်စုဝန်ကြီးနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ပတ္တမြားကြီး၏ အချက်အလက်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပတ္တမြားကြီးအား ကြည့်ရှုကြသည်။

ယခုရှာဖွေတွေ့ရှိခဲ့သော ပတ္တမြားသည် အလေးချိန် ၂၂၀၀ ဂရမ် (၁၁၀၀၀ ကရက်) ရှိသဖြင့် အရွယ်အစားကြီးမားသောကြောင့် ရှာဖွေတွေ့ရှိရန် ခက်ခဲပြီး ရှားပါးကြောင်း၊ ပတ္တမြားကြီးအနေဖြင့် ခရမ်းရောင်သမ်းသော အနီရောင်တွင် အဝါရိပ်ဖောက်သောအရောင်ရှိပြီး အရောင်အဆင့်အတန်းအားဖြင့် ကောင်းမွန်ကြောင်း၊ အလင်းပေါက်အား သင့်တင့်ပြီးဖန်ရောင်လက်ကောင်းမွန်ကာ ပြုပြင်ထားခြင်းမရှိသော သဘာဝအတိုင်းရှိသည့် ပတ္တမြားကြီးဖြစ်ကြောင်း သိရှိရသည်။

ယခင်က မိမိတို့နိုင်ငံတွင် ရှားပါးပြီးတန်ဖိုးရှိသည့် ၁၉၉၀ ပြည့်နှစ်တွင် ရရှိခဲ့သော အလေးချိန် ၉၉ ဒသမ ၂၅ ဂရမ်(၄၉၆ ဒသမ ၂၅ ကရက်) ရှိ နဝတ ပတ္တမြား၊ ၁၉၉၆ ခုနှစ်တွင် ရရှိခဲ့သော အလေးချိန် ၄၂၉၀ ဂရမ်(၂၁၄၅၀ ကရက်) ရှိ ပတ္တမြားနှင့် ၂၀၂၂ ခုနှစ်တွင် ရရှိခဲ့သော အလေးချိန် ၅၅၇ ဒသမ ၈၅ ဂရမ်(၂၇၈၉ ဒသမ ၂၅ ကရက်) ရှိ နစက ပတ္တမြားတို့ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ယခုပတ္တမြား အပါအဝင် ပတ္တမြားလေးပွင့်လုံးသည် မန္တလေးတိုင်းဒေသကြီး မိုးကုတ်ဒေသမှ ထွက်ရှိပြီး သက်ဆိုင်ရာ ပတ္တမြားတစ်ပွင့်ချင်းအလိုက် ဂုဏ်သတ္တိ ထူးခြားချက်များရှိသောကြောင့် အလွန်တန်ဖိုးရှိသည့် ပတ္တမြားများဖြစ်ကြကြောင်း၊ ၁၉၉၆ ခုနှစ်တွင် ရရှိခဲ့သော ပတ္တမြားသည် အလေးချိန်အားဖြင့် အများဆုံးဖြစ်သော်လည်း အရောင်နှင့် အရည်အသွေးနှိုင်းယှဉ်ပါက ယခုနောက်ဆုံးတွေ့ရှိခဲ့သော ပတ္တမြားသည် အရောင်နှင့် အရည်အသွေးပိုမိုကောင်းမွန်သောကြောင့် တန်ဖိုးပိုမိုမြင့်မားကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် နီပေါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရုံးအမှတ် (၂၆) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-နီပေါ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းကဏ္ဍဆိုင်ရာ ICT နှင့် ဒီဂျစ်တယ် ပူးပေါင်းဆောင်ရွက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr.Harishchandra Ghimire အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနှင့်နီပေါနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမွန်သည့် ဆက်ဆံရေးကို ပြန်လည်သုံးသပ်ကြပြီး နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ချဲ့ထွင်နိုင်မည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr.Harishchandra Ghimire အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - နီပေါ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲစေရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုကောင်းမွန်လာစေရေးတို့အတွက် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ဒီဂျစ်တယ်နှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးရေးတွင်ပါဝင်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပထမအကြိမ် အစည်းအဝေးကျင်းပ



နေပြည်တော် မေ ၇

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပထမအကြိမ် အစည်းအဝေးကိုယနေ့မွန်းလွဲ ၁ နာရီတွင်နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးထွန်းအုံ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ပထမအကြိမ်ပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ အစိုးရသစ်ကာလအတွင်း နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို နိုင်ငံတော်သမ္မတက မှာကြားလမ်းညွှန်ခဲ့ပြီးဖြစ်ရာ အထူးစီးပွားရေးဇုန်များအနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသည့် အထူးစီးပွားရေးဇုန်များသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအစိတ်အပိုင်းဖြစ်ကြောင်း၊ ပြည်သူအများ အလုပ်အကိုင်ရရှိစေရန်၊ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားပြီး ပြည်ပပို့ကုန်တိုးတက်စေရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးများလာစေရန်နှင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိစေရန်တို့အတွက် အထူးစီးပွားရေးဇုန်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးသည် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ယခင်ကျင်းပခဲ့သည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ် ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက အမှာစာများကို တင်ပြကြပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အထူးစီးပွားရေးဇုန်များ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သုံးသပ်တွေ့ရှိချက်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက်ဆွေးနွေးတင်ပြကြရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သင့်သွေးဖြင့် အသက်ကယ်ပါ။

## ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) MMU ဖြင့် လုပ်ငန်းခွင်မပျက် ဆေးကုသမှုဆောင်ရွက်

မန္တလေး မေ ၇

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် လူမှုဖူလုံရေးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အာမခံအလုပ်သမား ၃၀၀ ဦးတို့အား ယနေ့နံနက် ၈ နာရီခွဲက ရွေ့လျားဆေးကုသယာဉ်(Mobile Medical Unit) MMU ဖြင့် လုပ်ငန်းခွင်မပျက်ဆေးကုသမှု ဆောင်ရွက်ပေးခဲ့သည်။

ဆေးကုသမှုပေးရာတွင် တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒေါ်ကေသီခိုင်နှင့်တာဝန်ရှိသူများ၊ ဘောမခဆေးရုံမှဆရာဝန် ၂ ဦး၊ ဆေးအဖွဲ့ဝင် ၁၄ ဦးတို့က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်း၊ အမှုထမ်းများကို ဆေးဝါးကုသပေးကြရာ စီမံရေးရာဌာန ဌာနမှူးနှင့်တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)**

လူမှုဖူလုံရေးအဖွဲ့သည် အကျိုးဝင်မှတ်ပုံတင်ထားသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အာမခံအလုပ်သမားများအား မကျန်းမာမှု၊ မီးဖွားမှု၊ ဖခင်ဘဝဖြစ်မှု၊ သေဆုံးမှု၊ ဆေးကုသစရိတ်နှင့် ဆေးဖိုးခရီးစရိတ်များ၊ ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှု၊ ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေးခြင်းတို့အပြင် သဘာဝဘေးအန္တရာယ်ကြောင့် ရေဘေး၊ ငလျင်ဘေးကြောင့် ၄၀ ရာခိုင်နှုန်းထောက်ပံ့ပေးခြင်းနှင့်ပညာသင်စရိတ် ၁၀ ရာခိုင်နှုန်းစသည့် ငွေကြေးအကျိုးခံစားခွင့်များကို ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း တာဝန်ရှိသူထံမှ သိရသည်။

**(မန္တလေးနေ့စဉ်-၃)**



## ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း လယ်ဝေးမြို့နယ် သမဝါယမစနစ် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့နံနက်ပိုင်းက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အတူ နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း သမဝါယမစနစ်ဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



### ကြည့်ရှုစစ်ဆေး

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာအုပ်စု ကွင်းအမှတ်-၁၈၅၄ (ခ) တွင် ဒို့မြန်မာ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းက အသားတိုးနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် သမဝါယမစနစ်ဖြင့် စနစ်ကျသောမွေးမြူရေးလုပ်ငန်းများ ဖြစ်ပေါ်လာစေရေး အားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိရစ္ဆာန်ရောဂါများ မကျရောက်စေရေး ကြိုတင်ကာကွယ်ဆောင်ရွက်ကြရန်နှင့် တိရစ္ဆာန် ဖြည့်စွက်စာများ လုံလောက်မှုရှိစေရေး စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ရှားချောင်းကျေးရွာရှိ နှမ်းစပါးစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက တောင်သူများအနေဖြင့် ရောင်းချရာတွင်လည်း တစ်ဦးချင်းရောင်းချပါက အကျိုးအမြတ်ရရှိမှု နည်းပါးနိုင်ကြောင်း၊ ထို့ကြောင့် သမဝါယမစနစ်ဖြင့် တစ်ကွင်းတစ်ဆက်စပ်တည်းရှိသော လယ်ကွင်းများတွင် ထွန်ယက်ချိန်၊ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်များ တူညီစေရေး စုပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း လိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ သွင်းအားစု ဓာတ်မြေဩဇာများ အချိန်မီရရှိရေး၊ စိုက်ပျိုးရေရရှိရေး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စနစ်ကျလယ်ယာစနစ် ဖော်ထုတ် ဆောင်ရွက်နိုင်သည် အထိမျှော်မှန်းပြီး ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးမှာကြားပြီး ဒေသခံတောင်သူများ၏ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## "ဖုံး၊ သွန်၊ လဲ၊ စစ်" အစီအစဉ်ကို တိတိကျကျဆောင်ရွက်သွားမည်

စစ်ကိုင်း မေ ၇

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမြင့်မားလျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီးတွင် တစ်ပတ်တာ "ဖုံး၊ သွန်၊ လဲ၊ စစ်" အစီအစဉ်ကို တိတိကျကျလိုက်နာရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

တနင်္လာနေ့တွင် အစိုးရနှင့်ပုဂ္ဂလိကရုံးဌာနများ၊ အင်္ဂါနေ့တွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်နှင့်ဝပ်ရှော့များ၊ ဗုဒ္ဓဟူးနေ့တွင် ဈေးများ၊ ကြာသပတေးနေ့တွင် ဘာသာရေးအဆောက်အအုံများ၊ သောကြာနေ့တွင် စာသင်ကျောင်းနှင့်တက္ကသိုလ်များ၊ စနေနေ့တွင်ရပ်ကွက်၊ ကျေးရွာအတွင်း စုပေါင်းသန့်ရှင်းရေးကို မပျက်မကွက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

(၃၉၄)

၀-၀-၀-၀-၀

# အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် မေ ၇

ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီသည် မေ ၅ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သားဖွား ဆရာမများနေ့နှင့် မေ ၁၂ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သူနာပြုတက္ကသိုလ် ရန်ကုန် Auditorium ခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆက်နွယ်သည့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကဆေးရုံများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကမ္ဘာ့ကပ်ရောဂါဘေးကာလတွင် ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်းရှိ လူသားများ၏ အသက်ဘေးအန္တရာယ်များကို ဘေးကင်းလုံခြုံစေရန်ဆောင်ရွက်ခဲ့ပြီး လူသားများ၏ အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ကြောင်း၊ အရေးပေါ်လူနာများကို အချိန်မီပြုစုကုသကယ်ဆယ်ရာတွင် သူနာပြု၊ သားဖွားများ၏ ကိုယ်ကျိုးစွန့်မှု၊ အနစ်နာခံမှု၊ သူနာပြုကျင့်ဝတ်ကိုလိုက်နာ၍ နေ့ည မရွေး တာဝန်ထမ်းဆောင်ခဲ့ကြသည်ကို တွေ့ရှိရသဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် များစွာဂုဏ်ယူကျေနပ်ပါကြောင်း၊ ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများပေးရန်၊ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်ရန် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုသားဖွားသင်တန်းကျောင်းနှင့် သူနာပြုတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေသီဆိုပြီး ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ဆေးပညာရှင်တံဆိပ် (တတိယအဆင့်)ရရှိသူတစ်ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယအဆင့်)ရရှိသူ ၃၃ ဦးတို့ကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးတို့က ထပ်ဆင့်ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥက္ကဋ္ဌဒေါ်နွဲ့နွဲ့ခင်က မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီသို့ အလှူငွေများပေးအပ်ခဲ့သည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

ဒုတိယပိုင်းအစီအစဉ်တွင် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "One Million More Midwives" (**မိခင်နှင့်ကလေး ကျန်းမာရေး၊ သားဖွားဆရာမများ ပိုမိုမွေးထုတ်ပေး**)နှင့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ ဆောင်ပုဒ်ဖြစ်သည့် "Our Nurses. Our Future. Empowered Nurses Save Lives" (**အနာဂတ်ကမ္ဘာ ကျန်းမာဖွံ့ဖြိုးဖို့ သူနာပြုစွမ်းရည်မြှင့်တင်လို့ အသက်ပေါင်းများစွာကယ်ဆယ်စို့**)တို့ကို မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ရှင်းလင်းပြောကြားကာ သူနာပြု၊ သားဖွားနှင့် သက်ဆိုင်သော ပညာပေးအစီအစဉ်များ၊ ဖျော်ဖြေရေး အစီအစဉ်များဆောင်ရွက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်များ၌ စပျစ်ဇုန် အကောင်အထည်ဖော်ဆောင်ရွက်မည်

နေပြည်တော် မေ ၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သဲကျွန်းကျေးရွာ၌ စပျစ်စိုက်တောင်သူများ၊ စပျစ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး စပျစ်ဇုန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများမှ စပျစ်ဇုန် အကောင်အထည်ဖော်ရေးတွင် ကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး စပျစ်စိုက်တောင်သူများ၊ စပျစ်လုပ်ငန်းရှင်များ၏ မေးမြန်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးသည်။

ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်တို့တွင် စပျစ်စိုက်ပျိုးလုပ်ကိုင်မှု များပြားလာခြင်းကြောင့်ဆည်ရေသောက်လယ်မြေများပေါ်တွင် စိုက်ပျိုးခြင်းများရှိလာသဖြင့် လယ်ယာမြေအပေါ် ဥပဒေနှင့်ညီညွတ်မှုမရှိဘဲ စိုက်ပျိုးလုပ်ကိုင်မှုများကို လုပ်ငန်းအရှိန်မပျက်စေဘဲ စနစ်တကျဖယ်ရှားနိုင်ရန်နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြုပြီး ဝိုင်စပျစ် စီးပွားဖြစ် စိုက်ပျိုးနိုင်ရန်၊ စိုက်ပျိုးရေးထွက်ကုန် အခြေခံစားသောက်ကုန်ချော ထုတ် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်အတွက် နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် စပျစ်ဇုန် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယခု အကောင်အထည်ဖော်ဆောင်မည့် စပျစ်ဇုန်၌ ဝိုင်စပျစ်တစ်မျိုးတည်းကိုသာ စိုက်ပျိုးလုပ်ကိုင်ကြရန်ဖြစ်ပြီး ထွက်ရှိလာမည့် စပျစ်များ ရောင်းချနိုင်ရေးအတွက် လက်ရှိလည်ပတ်နေသော ဝိုင်စက်ရုံမှဝယ်ယူသွားရန် ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်သကဲ့သို့ စိုက်ပျိုးမှုနှင့် ထွက်ရှိနိုင်မှုအပေါ် မူတည်၍ စပျစ်ဝိုင်စက်ရုံများ အချိန်မီ အကောင်အထည်ဖော်ဆောင်နိုင်ရေးကိုပါ စီမံပြီးဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဝမ်းတွင်းမြို့နယ် ဘုရားဖြူကျေးရွာ နွေနှမ်းစံပြစိုက်ခင်းတွင် ဒေသခံနှမ်းစိုက်တောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေစီမံကိန်း၏ ရည်ရွယ်ချက်များ၊ ချေးငွေများကို မှန်မှန်ကန်ကန် ပြန်လည်ပေးဆပ်ခြင်းဖြင့် လှည့်ပတ်ရန်ပုံငွေအဖြစ် တောင်သူများ အကျိုးရှိစွာ အသုံးပြုနိုင်မှုတို့ကို ရှင်းလင်းပြောကြားပြီး ဆည်ရေသောက်ဧရိယာအတွင်း သီးထပ်စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်နိုင်ရေး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေထုတ်ယူမှု လွယ်ကူအဆင်ပြေစေရေးအတွက် ကန့်သတ်ချက်များ ဖြေလျှော့ဆောင်ရွက်ပေးနေမှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက်သက်ဆိုင်ရာဌာနများ၏ ကူညီဆောင်ရွက်ပေးမှုဖြင့် ယခုနှစ် နွေနှမ်းသီးနှံ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ပန်းတိုင်အထွက်နှုန်းထက် ကျော်လွန်ထွက်ရှိနိုင်မှု အခြေအနေများကို ဒေသခံတောင်သူများက ဝမ်းမြောက်စွာ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့်သိန်း၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များနှင့် ပတ်သက်၍ လုပ်ငန်းရပ် တစ်ခုချင်းအပေါ် ပြည်ထောင်စုဝန်ကြီးက အသေးစိတ်ရှင်းလင်းဆွေးနွေးကာ လတ်တလော ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများနှင့် ဦးစားပေးအလိုက် ဆောင်ရွက်ပေးရမည့်လုပ်ငန်းများ စနစ်တကျခွဲခြား အတည်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


# ကန့်ဘလူခရိုင် ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲ ကျင်းပ

**ကန့်ဘလူ မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၏ ၂၀၂၆- ၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များ ပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကန့်ဘလူခရိုင် စုပေါင်းရုံး ရွှေဆည်မြိုင် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုလှိုင်က ကန့်ဘလူခရိုင်၏ ၂၀၂၆- ၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ကုန်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) တိုးတက်မှုနှုန်းများ မျှော်မှန်းထားသည့်အတိုင်း ရရှိရေးအတွက် ဌာနဆိုင်ရာများ၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများအနေဖြင့် မိမိတို့၏ကဏ္ဍအလိုက်၊ မြို့နယ်အလိုက် GDP တိုးတက်မှုနှုန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း ဆွေးနွေး မှာကြားသည်။

ထို့နောက် ခရိုင်စီမံကိန်း ဦးစီးဌာန ခရိုင်တာဝန်ခံ ဒေါ်မေသက်ဉာဏ်က ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များနှင့် ၂၀၂၆- ၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က ကန့်ဘလူခရိုင်၏ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ ဒေသဖွံ့ဖြိုးရေးကဏ္ဍ၊ ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့၏ ဒေသန္တရစီမံကိန်း တာဝန်များပေးအပ်ရာ သက်ဆိုင်ရာ ဌာနဆိုင်ရာများက လက်ခံရယူကြသည်။ ကန့်ဘလူခရိုင်၏



၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းအား ယခင်နှစ် ကာလတူ ကာလထက် ၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရရှိရန် ရည်မှန်းရေးဆွဲထားကြောင်း သိရသည်။

(အပေါ်ပုံ)

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ပြင်ဦးလွင် လူရည်ချွန်စခန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ



ပြင်ဦးလွင် မေ ၇

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင် လူရည်ချွန်စခန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ပြင်ဦးလွင်မြို့နယ်ရှိ ကန်တော်ကြီး အမျိုးသား အထိမ်းအမှတ် ဥယျာဉ်၌ ကျင်းပသည်။

အခမ်းအနားသို့ လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးတိုင်း ဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီး များ၊ လွှတ်တော်ကိုယ်စားလှယ် များ၊ တိုင်းဒေသကြီးအဆင့်ဌာန ဆိုင်ရာများ၊ လူရည်ချွန်ကြီးများ၊ ဆရာ ဆရာမများနှင့် လူရည်ချွန် ကျောင်းသား ကျောင်းသူများ၊ ကြီးကြပ်ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည် တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြင်ဦးလွင်လူရည်ချွန် စခန်းကို လူရည်ချွန်ကျောင်းသား ကျောင်းသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က လူရည်ချွန် ကျောင်းသား ကျောင်းသူများ အား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ရင်ထိုးတံဆိပ်များ ပေးအပ်သည်။ ဆက်လက်၍ လူရည်ချွန်ကျောင်းသားကျောင်းသူ များကိုယ်စား လူရည်ချွန် ကျောင်းသားတစ်ဦးက ကျေးဇူးတင် စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် တာဝန်ရှိသူများက လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ရင်ထိုးတံဆိပ်များ တပ်ဆင်ပေးကာ ရင်းနှီးနွေးထွေးစွာ နှုတ်ဆက် ကြသည်။ ဆက်လက်၍ လူရည်ချွန် ကျောင်းသားကျောင်းသူများသည် ကန်တော်ကြီး အမျိုးသားအထိမ်း အမှတ် ဥယျာဉ်နှင့် တိုင်းရင်းသား ကျေးရွာများသို့ လှည့်လည် ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ရွှေနန်းထိုက် ဟိုတယ်၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မောင်သင်းက လူရည်ချွန် မောင်မယ်များအား တွေ့ဆုံအားပေးစကား ပြောကြား သည်။ ထို့နောက် လူရည်ချွန် မောင်မယ်များသည် သုမင်္ဂလာ ဈေးသို့ သွားရောက်လည်ပတ် ပျော်ရွှင်စွာ ဂိမ်းများကစားကြပြီး တာဝန်ရှိသူများက သုမင်္ဂလာ ဈေးဘက်စုံသုံးခန်းမတွင် ဖျော်ဖြေ ရေး အစီအစဉ်များနှင့်အတူ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)






# တောမီးလောင်ကျွမ်းမှုလျော့လာစေရေးအတွက် ကွန်ပျူတာစနစ်တပ်ဆင် စီမံခန့်ခွဲခြင်းဆိုင်ရာ သင်တန်းဖွင့်

**တောင်ကြီး မေ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက် ရှိ မြို့တော်ခန်းမ၌ ယနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာန၊ ညွှန်ကြားရေးမှူးရုံး၊ တောင် ကြီးမြို့တွင် ဆောင်ရွက်မည့် တော မီးလောင်ကျွမ်းမှုလျော့လာ စေရေး ကြည့်ရေးအတွက် ကွန်ပျူတာ စနစ်တပ်ဆင်ခြင်းနှင့် စီမံခန့်ခွဲ ခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်း အနားကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီး ဦးစိုင်းဝမ်းလှိုင်း တစ်ပ်က နှုတ်ခွန်းဆက်အမှာ စကားပြောကြားသည်။ မြန်မာ နိုင်ငံနှင့် ထိုင်းနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှာ နှစ်စဉ်ပွင့် လင်းခြောက်သွေ့ကာလများအတွင်း တောမီးလောင်ကျွမ်းမှု Fire Hotspot ဖြစ်ပေါ်မှုအကြိမ်ရေများ မြင့်မားပြီး နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ် လေ့ရှိပါကြောင်း၊ မီးခိုးမြူငွေ့ ညစ်ညမ်းမှုဟာ ပတ်ဝန်းကျင်၊ လူမှုရေး၊ ကျန်းမာရေးနှင့် စီးပွား ရေးဆိုင်ရာထိခိုက်မှုများဖြစ်စေတဲ့ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာ တစ်ခုဖြစ်တဲ့အတွက် နယ်စပ်ဖြတ် ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု ကာကွယ် လျှော့ချရေးလုပ်ငန်း များကို မြန်မာ-ထိုင်းနှစ်နိုင်ငံ ပူးပေါင်းညှိနှိုင်းစီမံခန့်ခွဲ ဆောင် ရွက်လျက်ရှိပါကြောင်း ထည့်သွင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ နယ်စပ်ရေးရာဌာန၊ ညွှန်ကြား ရေးမှူးက ကွန်ပျူတာစနစ် တပ် ဆင်ခြင်းနှင့်စီမံခန့်ခွဲခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ် လျဉ်းသည်များအား ရှင်းလင်း ဆွေးနွေးသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ နယ်စပ်ရေးရာဌာန၊ ညွှန်ကြား ရေးမှူးက တောမီးလောင်ကျွမ်းမှု စောင့်ကြည့်ရေးအတွက်ကွန်ပျူ တာ စနစ်တပ်ဆင်ခြင်းနှင့် စီမံ ခန့်ခွဲခြင်းဆိုင်ရာသင်တန်းနှင့် စပ်လျဉ်းသည့်ပစ္စည်းများအား ပေးအပ်ရာ ပတ်ဝန်းကျင်ထိန်း သိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေး မှူးချုပ် ဒေါက်တာ ဆန်းဦးက လက်ခံရယူပြီး တက်ရောက်လာ သည့် တာဝန်ရှိသူများက စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ ကြောင်း သိရသည်။

(၃၆၈)





# အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်တွင် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော

**မန္တလေး မေ ၇**

မန္တလေး၊ အောင်မြေသာစံ မြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မီးဘေးလုံခြုံရေးအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်း က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်၊ ဒုတိယမီးသတ် ဦးစီးမှူး ဦးဇေကိုကိုပိုင်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ နယ်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ (၂)အရန်မီးသတ် ဒုတိယတပ်ခွဲ မှူး ကျော်ဦးနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ် ရေးမှူး ဦးမိုးသန်းဦးနှင့် ရာအိမ် မှူးများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ပြီး မြို့နယ်မီး သတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော် မျိုးထက်က မီးဘေးလုံခြုံရေးဆိုင် ရာအသိပညာပေးဟောပြောခဲ့ ပြီးနောက် ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုကိုပိုင်နှင့် သန္နေမီးသတ် တပ်ဖွဲ့ဝင်များက မီးသတ်ဆေး ဘူးဖြင့် လက်တွေ့မီးငြိမ်းသတ် နည်းများကို သရုပ်ပြခြင်း၊ မီးဘေးလုံခြုံရေး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခြင်း နှင့် 191 Report Application အသုံးပြုတတ်စေရန် ပြသခြင်းများ ဆောင်ရွက်ကြကြောင်း သိရ သည်။ **(မန္တလေးနေ့စဉ်-၄)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းဖွင့်ပွဲ တက်ရောက်



နေပြည်တော် မေ ၇

၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ အင်းလေးခေါင်တိုင် လူရည်ချွန်စခန်း၌ ကျင်းပသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က လူရည်ချွန်စခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယပိုင်းအခမ်းအနားကို HUPIN ဟိုတယ်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးကိုအားပေးစို့ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်စေရန် ပညာရေးဝန်ကြီးဌာနက ပံ့ပိုးပေးမည်ဖြစ်ရာ လူရည်ချွန်မောင်မယ်များကလည်း နိုင်ငံတော်၏ပံ့ပိုးမှုနှင့်အတူ ထူးချွန်ပြောင်မြောက်သော ကျွမ်းကျင်ပညာရှင်များဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း၊ မိမိတို့၏ တာဝန်ဝတ္တရားများ ကျေပွန်စွာထမ်းဆောင်ပြီး ပညာနှင့် နိုင်ငံတော်၏ ပုံရိပ်ကိုဖန်တီးကာ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ကျရာကဏ္ဍကနေ စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လူရည်ချွန်မောင်မယ်များနှင့် လူရည်ချွန်ကြီးကြပ်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် လူမှုရေးရာဝန်ကြီးတို့က လူရည်ချွန်မောင်မယ်များအား ရင်ထိုးတံဆိပ်များ ပေးအပ်သည်။

ထို့နောက် တောင်ကြီးဒေသရှိ ၁၉၆၄-၁၉၈၈ လူရည်ချွန်ကြီးများက လူရည်ချွန်မောင်မယ် ၁၃၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ငွေကျပ် ၂၆၄ သိန်းကို ၁၉၆၄-၁၉၈၈ လူရည်ချွန်ကြီးများကိုယ်စား ပြည်နယ်လူမှုရေးရာဝန်ကြီးက လူရည်ချွန် မောင်မယ်များအားလုံး၏ကိုယ်စား လူရည်ချွန်မောင်မယ်နှစ်ဦးအား ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အင်းလေးခေါင်တိုင်လူရည်ချွန်စခန်း၌ လူရည်ချွန်ကျောင်းသားကျောင်းသူများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ကြသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ် ကေလာရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)သို့ရောက်ရှိကာ စာသင်ဆောင်များ ဥပမိရုပ်ကောင်းမွန်ရေး ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သတင်းစဉ်

## ၂၀၂၆ ခုနှစ် ကောဒသမတန်း လူရည်ချွန်စခန်း(ငွေဆောင်)နှင့် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်စခန်း (ချောင်းသာ)ဖွင့်ပွဲအခမ်းအနား ကျင်းပ



ပုသိမ် မေ ၇

၂၀၂၆ ခုနှစ် ကောဒသမတန်း လူရည်ချွန်စခန်း(ငွေဆောင်)နှင့် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်စခန်း(ချောင်းသာ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစခန်းများ၌ ကျင်းပသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ နယ်မြေခံလေတပ်စခန်းဌာနချုပ်မှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူရည်ချွန် မောင်မယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများတက်ရောက်ကြသည်။

ဦးစွာ ၂၀၂၆ ခုနှစ် လူရည်ချွန်စခန်း (ငွေဆောင်)မုခ်ဦးကိုဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြား၍ လူရည်ချွန် မောင်မယ်များအား ရင်ထိုးတံဆိပ်များ ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် လူရည်ချွန်စခန်း (ငွေဆောင်) စခန်းမှူးနှင့် လူရည်ချွန်ကြီးများက တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်၍ ငွေဆောင်လူရည်ချွန် စခန်းမှူးက လူရည်ချွန်စခန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းသားကျောင်းသူများ၏ ကရင်ဒုံးယိမ်းအကနှင့် လူရည်ချွန် မောင်မယ်များ၏ "ဇာတိမာန်" သီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် လူရည်ချွန်စခန်း (ချောင်းသာ)ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ လူရည်ချွန်စခန်း (ချောင်းသာ)မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖျော်ဖြေရေးအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားပြီး လူရည်ချွန်စခန်း(ချောင်းသာ) စခန်းမှူးက လူရည်ချွန်စခန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လူရည်ချွန်မောင်မယ်များအား ရင်ထိုးတံဆိပ်များ ချီးမြှင့်အပ်နှင်းပြီး လူရည်ချွန် မောင်မယ်များနှင့် လူရည်ချွန်ကြီးများက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်၍ ပုသိမ်တက္ကသိုလ် ကျောင်းသူလေးများ၏ "မမပုသိမ်သူ" သီချင်းဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ လူရည်ချွန်မောင်မယ်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဧရာဝတီတိုင်း ဒေသကြီး ငွေဆောင် လူရည်ချွန်စခန်းတွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကောဒသမတန်း လူရည်ချွန်မောင်မယ် ၁၃၃ ဦး၊ ချောင်းသာ လူရည်ချွန်စခန်းတွင် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်မောင်မယ် ၂၉၁ ဦးနှင့် ကြီးကြပ်ဆရာ ဆရာမများသည် မေ ၆ ရက်မှ ၁၀ ရက်အထိ ယာယီစခန်းချ နေထိုင်သွားမည်ဖြစ်သည်။

ညနေပိုင်း အားလပ်ချိန်များတွင် ငွေဆောင်လူရည်ချွန် အပန်းဖြေစခန်း၌ လူရည်ချွန် မောင်မယ်များက ကိုယ်ကာယကျန်းမာကြံ့ခိုင်ရေးနှင့် စိတ်လက်အပန်းပြေ စေရေးအတွက် ဘောလုံး၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်း ကစားနည်းများ၊ ရေကူးကစားခြင်းများကို ကြီးကြပ်ဆရာ ဆရာမများ ဦးဆောင်၍ တာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိပြီး ဒေသန္တရဗဟုသုတများ ရရှိစေရန် ပုသိမ်မြို့၊ ငွေဆောင်ဒေသနှင့် အနီးဝန်းကျင်ရှိ လူမှုဘဝများ၊ ငါး၊ ပုစွန်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ရိုးရာလက်မှုပညာလုပ်ငန်းများနှင့် အထင်ကရနေရာများကို လေ့လာနိုင်ရေး စီစဉ်ထားရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွါဒသမတန်းလူရည်ချွန်စခန်းဖွင့်ပွဲ တက်ရောက်



နေပြည်တော် မေ ၇

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွါဒသမတန်း လူရည်ချွန်စခန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လူရည်ချွန်စခန်း (Royal President Hotel)၌ ကျင်းပသည်။

ဦးစွာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွါဒသမတန်း နေပြည်တော်လူရည်ချွန်စခန်း မုခ်ဦးကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူရည်ချွန်စွမ်းအား သီချင်းဖြင့် ဖျော်ဖြေကြသည်။


ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အားပေးမြှင့်တင်လျက်ရှိရာ "တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရန်" ဆိုသည့် အမျိုးသားပညာရေးရည်မှန်းချက်ကို ချမှတ်ထားရှိပြီး အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေးကဏ္ဍ နှစ်ရပ်လုံးအတွက် ဗလငါးတန်တည်းဟူသော ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလတို့နှင့် ပြည့်စုံသော လူငယ်များ ပြုစုပျိုးထောင်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိပြီး လူရည်ချွန်စီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ Grade-12 လူရည်ချွန် မောင်မယ်များအနေဖြင့် မိမိတို့ ဒေသ၊ ကျောင်း၊ ပတ်ဝန်းကျင်တွင် အခြားသော ကျောင်းသားကျောင်းသူများ အတုယူရမည့် အမူအကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်းနှင့် နေပြည်တော်လူရည်ချွန်အပန်းဖြေစခန်းမှ ခွန်အားသစ်များရရှိပြီး နိုင်ငံတော်က အားကိုးအားထားပြုရမည့် ထူးချွန်ထက်မြက်သည့် နိုင်ငံသားကောင်း သမီးကောင်းများ ဖြစ်လာစေရေး စဉ်ဆက်မပြက် ကြိုးပမ်းအားထုတ်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဒွါဒသမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူများအား ရင်ထိုးတံဆိပ်တပ်ဆင်ပေးခြင်း၊ နေပြည်တော်လူရည်ချွန်စခန်းမှ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော် ကောင်စီဝင် ဦးထွန်းထွန်းတို့အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ခြင်းနှင့် ဒွါဒသမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများကိုယ်စား လူရည်ချွန်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခြင်းများ ဆောင်ရွက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အောင်သူရဦး(ဒကွိဏ)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## စတိဗ်ဒိန်းစ် ဦးဆောင်သည့် အမေရိကန်ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်နိုင်ငံ၏ ထိပ်တန်းသံတမန်ဝမ်ယိ တွေ့ဆုံဆွေးနွေး



**ပေကျင်း မေ ၇**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ တရုတ်နိုင်ငံခရီးစဉ် မတိုင်မီ တစ်ပတ်အလိုတွင် တရုတ်နှင့် အမေရိကန် ဆက်ဆံရေးသည် အဆုတ်အတက်နှင့် အနှောင့်အယှက်များစွာ ရှိနေသော်လည်း ယေဘုယျအားဖြင့် တည်ငြိမ်မှုရှိကြောင်း တရုတ်နိုင်ငံ၏ ထိပ်တန်းသံတမန်ဝမ်ယိက မေ ၇ ရက်တွင် ပြောကြားခဲ့ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် နှစ်နိုင်ငံစလုံးက ပါဝင်ကူညီနိုင်မည့် နည်းလမ်းကို ရှာဖွေရန် တိုက်တွန်းခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အထက်လွှတ်တော်အမတ် စတိဗ်ဒိန်းစ် ဦးဆောင်သည့် အမေရိကန် နှစ်ပါတီ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့နှင့် ပေကျင်းမြို့တွင် တွေ့ဆုံစဉ်အတွင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက နှစ်နိုင်ငံဆက်ဆံရေး၏ အရေးကြီးသော အခိုက်အတန့်များတွင် သမ္မတ ရှီကျင့်ဖျင်နှင့် သမ္မတ ထရမ့်တို့က လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိအောင် ကူညီလမ်းညွှန်ပေးခဲ့ခြင်းဖြစ်သည်ဟု မှတ်ချက်ပြုပြောကြားသည်။

လွန်ခဲ့သည့် တစ်နှစ်တာအတွင်း တရုတ်နှင့် အမေရိကန် ဆက်ဆံရေးတွင် အဆုတ်အတက်နှင့် အနှောင့်အယှက်များစွာ ကြုံတွေ့ခဲ့ရသော်လည်း ခြုံငုံကြည့်ပါက တည်ငြိမ်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ဖြစ်သည်ဟု ဝမ်ယိက ဆိုသည်။

အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဝင်တစ်ဦးဖြစ်ပြီး သမ္မတထရမ့်ကို အခိုင်အမာထောက်ခံသူဖြစ်သည့် စတိဗ်ဒိန်းစ်ကလည်း ဝမ်ယိ၏ ပြောကြားချက်ကို သဘောတူညီခဲ့ပြီး နှစ်နိုင်ငံစလုံးသည် တည်ငြိမ်အေးချမ်းမှုကို ရှာဖွေသင့်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

## ၂၀၂၇ ခုနှစ်တွင် စီးပွားရေး ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်ရန် ရည်မှန်းထားသည်ဟု အင်ဒိုနီးရှားစီမံကိန်းဝန်ကြီး ထုတ်ဖော်ပြောကြား



**ဂျကာတာ မေ ၇**

အင်ဒိုနီးရှားနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်စွမ်းအား မြှင့်တင်မှုနှင့် စက်မှုကဏ္ဍတို့ကို အခြေခံ၍ ၂၀၂၇ ခုနှစ်တွင် စီးပွားရေး တိုးတက်မှုနှုန်း ၅ ဒသမ ၉ ရာခိုင်နှုန်းမှ ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ ရရှိရန် ရည်မှန်းထားသည်ဟု စီမံကိန်းဝန်ကြီးက ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အစိုးရ၏ ၂၀၂၇ ခုနှစ်အတွက် လုပ်ငန်းစီမံချက်ကို တင်ပြစဉ်အတွင်း စီမံကိန်းဝန်ကြီး ရာခ်မတ်ပမ်ဘူဒီက ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး တိုးတက်မှုဆိုင်ရာ ရည်မှန်းချက်အကြောင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ယခင်အချက်အလက်များအရ အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးသည် ပထမသုံးလပတ်အတွင်း ၅ ဒသမ ၆၁ ရာခိုင်နှုန်း တိုးတက်ခဲ့ရာ သုံးနှစ်ကျော်ကာလအတွင်း အမြန်ဆန်ဆုံးဖြစ်သည်။

အရှေ့တောင်အာရှ၏ အကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်သော အင်ဒိုနီးရှားသည် ယခုနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းကို ၅ ဒသမ ၄ ရာခိုင်နှုန်း ရည်မှန်းထားပြီး အကောင်းဆုံးအခြေအနေတွင် ၆ ရာခိုင်နှုန်းအထိ တိုးတက်ရန် မျှော်မှန်းထားရာ ၎င်းမှာ ပြီးခဲ့သည့်နှစ်က တိုးတက်မှုနှုန်း ၅ ဒသမ ၁၁ ရာခိုင်နှုန်းထက် ပိုမိုမြင့်မားကြောင်း သိရသည်။ **Mon**

## ရေနံမှရရှိသောဝင်ငွေများ ဆက်တိုက်ကျဆင်းလာရာမှ ဆော်ဒီအာရေဗျနိုင်ငံ ဘတ်ဂျက်လိုငွေပြမှု မြင့်တက်

**ရီယာ့ဒ် မေ ၇**

ဟော်မုဇ်ရေလက်ကြား ပိတ်ဆို့ခံထားရမှုကြောင့် ရေနံမှရရှိသောဝင်ငွေများ ဆက်တိုက်ကျဆင်းလာရာမှ ဆော်ဒီအာရေဗျနိုင်ငံ၏ ဘတ်ဂျက်လိုငွေပြမှု သိသာစွာ မြင့်တက်လာကြောင်း သိရသည်။

အစိုးရအသုံးစရိတ်များ မြင့်တက်လာချိန်တွင် ရေနံစိမ်းရောင်းချရမှု ကျဆင်းသွားခြင်းကြောင့် ယခုနှစ်၏ ပထမသုံးလပတ်အတွင်း နိုင်ငံ၏ ဘတ်ဂျက်လိုငွေသည် ရီယယ် ၁၂၅ ဒသမ ၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅ ဘီလီယံ) အထိ ကျယ်ပြန့်လာကြောင်း ဆော်ဒီဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

အစိုးရ၏ စုစုပေါင်းအသုံးစရိတ်သည် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်း မြင့်တက်၍ ရီယယ် ၃၈၆ ဒသမ ၇ ဘီလီယံ ရှိခဲ့သော်လည်း ရေနံဝင်ငွေမှာမူ ၃ ရာခိုင်နှုန်း ကျဆင်းသွားပြီး ရီယယ် ၁၄၄ ဒသမ ၇ ဘီလီယံသာ ရှိခဲ့သည်။

အဆိုပါ ဘတ်ဂျက်လိုငွေပမာဏသည် ယခင်နှစ် အလားတူကာလကထက် နှစ်ဆကျော် ပိုမိုများပြားလာပြီး ၂၀၂၅ ခုနှစ်၏ နောက်ဆုံးသုံးလပတ်နှင့် နှိုင်းယှဉ်ပါက သုံးပုံတစ်ပုံနီးပါး မြင့်တက်လာကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

## အီရန်ပဋိပက္ခအဆုံးသတ်တော့မည့်သတင်းများထွက်ပေါ်လာ ရေနံဈေးကျ၊ ကမ္ဘာ့စတော့ရှယ်ယာဈေးကွက်များ မြင့်တက်




**လန်ဒန် မေ ၇**

အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား ပဋိပက္ခအဆုံးသတ်ရန် သဘောတူညီချက်ရရှိတော့မည်ဟူသော သတင်းများထွက်ပေါ်လာပြီးနောက် ရေနံဈေးနှုန်းများ ကျဆင်းသွားကာ ကမ္ဘာ့စတော့ရှယ်ယာဈေးကွက်များ မြင့်တက်လာကြောင်း သိရသည်။

အဆိုပါသတင်းများ ထွက်ပေါ်လာပြီးနောက် ကမ္ဘာ့ရေနံဈေးနှုန်းသတ်မှတ်ချက်ဖြစ်သော ဘရန့်ရေနံစိမ်းဈေးနှုန်းသည် တစ်စည်လျှင် ၉၇ ဒေါ်လာ (၇၃ ပေါင်) အထိ ကျဆင်းသွားခဲ့ပြီးနောက် တစ်စည်လျှင် ၁၀၁ ဒေါ်လာအထက်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

လန်ဒန်၏ အကြီးဆုံးအများပိုင်ကုမ္ပဏီများပါဝင်သော အက်ဖ်တီအက်စ်အီး ၁၀၀ အညွှန်းကိန်းနှင့် ဂျာမနီနိုင်ငံ၏ ဒတ်စ်အညွှန်းကိန်းတို့သည် ၂ ရာခိုင်နှုန်းကျော် မြင့်တက်လျက် ဈေးပိတ်ခဲ့ပြီး ပြင်သစ်နိုင်ငံ၏ ဆက် ၄၀ အညွှန်းကိန်း ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ထို့ပြင် အာရှစတော့ရှယ်ယာအညွှန်းကိန်းများသည်လည်း ထိုနေ့တွင် အမြင့်ဖြင့်ဈေးပိတ်ခဲ့သလို အမေရိကန်၏ အက်စအင်န်ပီ ၅၀၀ အညွှန်းကိန်းသည်လည်း တစ်ရက်အတွင်း ၁ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ကြောင်း သိရသည်။ **Mon**

STOP AIDS

## အပျော်စီးသင်္ဘောပေါ်မှ ပြင်းထန်ဟန်တာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှု မိမိတို့နိုင်ငံမှ စတင်ခြင်းရှိ၊မရှိ အာဂျင်တီးနားအတည်ပြုမည်ဟု ဆို

**ဖွေးနိုအိုင်းရစ် မေ ၇**

တောင်အမေရိကနိုင်ငံဖြစ်သော အာဂျင်တီးနားနိုင်ငံမှ ကျန်းမာရေးတာဝန်ရှိသူများသည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ခရီးနှင်နေသည့် အပျော်စီးသင်္ဘောပေါ်၌ လူအများအပြားသေဆုံးစေခဲ့သော ပြင်းထန်ဟန်တာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုသည် မိမိတို့နိုင်ငံမှ စတင်ခြင်းရှိမရှိကို အတည်ပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့သည့် ဒတ်ချ်ဇနီးမောင်နှံ သွားလာခဲ့သော လမ်းကြောင်းတစ်လျှောက်ရှိ နေရာများတွင် ရောဂါသယ်ဆောင်တတ်သော ကြွက်များကို ဖမ်းဆီးစစ်ဆေးသွားမည်ဟုဆိုသည်။

ယခုကူးစက်မှုကြောင့် ဒတ်ချ်ဇနီးမောင်နှံနှင့် ဂျာမနီနိုင်ငံသားတစ်ဦး အပါအဝင် စုစုပေါင်း လူသုံးဦးသေဆုံးခဲ့ပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူ သံသယရှိသူ စုစုပေါင်း ရှစ်ဦးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သည်။

မေ ၆ ရက်အထိ လူနာ ရှစ်ဦးရှိပြီး ၎င်းတို့အနက် သုံးဦးတွင် ဟန်တာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း ဓာတ်ခွဲခန်းစစ်ဆေးချက်များအရ အတည်ပြုနိုင်ခဲ့သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တက်ဒရိစ်အက်ဒါနွန်ဂီဘရီယေဆုက လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် အတည်ပြုကြောင်း သိရသည်။ **Mon**

## အေအိုင်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး တရုတ်နိုင်ငံက ကုလသမဂ္ဂတွင် တိုက်တွန်းပြောကြား

**ဝါရှင်တန် မေ ၇**

ဉာဏ်ရည်တု (အေအိုင်) နည်းပညာ လျင်မြန်စွာ တိုးတက်လာခြင်းနှင့်အတူ ကမ္ဘာတစ်ဝန်းတွင် စွမ်းဆောင်ရည်ကွာဟချက်များ ရှိလာနေသည့်အတွက် နိုင်ငံတကာ၏ အေအိုင်နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် လုပ်ဆောင်ရန် တရုတ်နိုင်ငံက ကုလသမဂ္ဂတွင် ယမန်နေ့က တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပသည့် အင်ဂျင်နီယာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးတွင် အေအိုင်ဖြင့်အားဖြည့်ခြင်း ခေါင်းစဉ်ဖြင့် အစည်းအဝေး၌ တရုတ်နိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ချန့်ကြားချန်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂမူဘောင်အတွင်း ကမ္ဘာလုံးဆိုင်ရာအေအိုင် အုပ်ချုပ်မှုစနစ်ကို မြှင့်တင်နေပြီး ကုလသမဂ္ဂ အထွေထွေညီလာခံတွင် တညီတညွတ်တည်း အတည်ပြုခဲ့သည့် အေအိုင်စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ကဲ့သို့သော အစီအစဉ်များမှတစ်ဆင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်လျက်ရှိသည်ဟု ၎င်းက ဆိုသည်။

တရုတ်နိုင်ငံသည် အေအိုင်နည်းပညာတွင် အရင်းအမြစ်များ အားလုံး ဖွင့်လှစ်ပေးသည့် ရင်းမြစ်ဖွင့်စနစ်နှင့် ဆန်းသစ်တီထွင်မှုကို အခြေခံသည့် ချဉ်းကပ်မှုကို ကျင့်သုံးနေပြီး ပိုမိုလွှမ်းခြုံမှုရှိသော ကမ္ဘာလုံးဆိုင်ရာ ဆန်းသစ်တီထွင်မှုဂေဟစနစ်ကို ဖော်ဆောင်ရန် ရည်မှန်းထားသည်ဟု ၎င်းက ဆက်လက်ပြောကြားကြောင်း သိရသည်။ **Mon**



## အခြေခံမွေးမြူရေးအသိပညာပေးသင်တန်း ဖွင့်လှစ်

**မြင်းခြံ မေ ၇**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရက်(၁၀၀) စီမံချက်ဖြင့် ပြည်သူများအတွက် အခြေခံမွေးမြူရေး အသိပညာပေးသင်တန်းကို ယမန်နေ့ နံနက် ၉ နာရီမှစ၍ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးတွင် ဖွင့်လှစ်သင်ကြားခဲ့သည်။

"ကျေးလက်နေပြည်သူများ မွေးမြူရေး အသိပညာဗဟုသုတများ တိုးပွားစေရန်နှင့် မှန်ကန်သည့် မွေးမြူရေးစနစ်များ ရရှိစေရန် ရည်ရွယ်ပြီး နွား၊ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ် အခြေခံမွေးမြူရေးသင်တန်း ဖွင့်လှစ်သင်ကြားရခြင်းဖြစ်ပါတယ်။ သင်တန်းမှာ အခြေခံမွေးမြူနည်းအပြင် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်နည်း၊ တိရစ္ဆာန် အစာစိုက်ပျိုးခြင်းနှင့် မြက်ချဉ်ဖတ်ပြုလုပ်ခြင်း ဘာသာရပ်များကိုလည်း သင်ကြားပို့ချပေးသွားမှာ ဖြစ်ပါတယ်"ဟု ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမိုးကျော်နိုင်က ပြောသည်။



အဆိုပါ အခြေခံမွေးမြူရေး အသိပညာပေးသင်တန်းကို မေ ၆ ရက်မှ ၈ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား ၂၀ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ (၃၆၆)

## ကျွန်းလှမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

**ကျွန်းလှ မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် အသက် ၁၀ နှစ်နှင့်အထက် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မေ ၅ ရက် နံနက်ပိုင်းက ပျဉ်းမမြိုင်ရပ်ကွက်၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။ (ယာပုံ)

ကျွန်းလှမြို့နယ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ် မကိုင်ဆောင်ရသေးသည့် ပြည်သူများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိအချိန်အထိ စုစုပေါင်း ၃၃၄ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့်ရပ်ကွက်၊ ကျေးရွာများအား ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဒုတိယလဝကမှူး ဦးကျော်နိုင်ထွန်းက ပြောကြားကြောင်း သိရသည်။ (၄၈၀)



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မော်တော်ယာဉ်နှင့် ဆိုင်ကယ် တိုက်မိခဲ့မှုကြောင့် အမျိုးသား သုံးဦး ထိခိုက်ဒဏ်ရာရရှိ

**ပဲခူး မေ ၇**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ မော်တော်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိခဲ့မှုကြောင့် အမျိုးသား သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၄ရက် မွန်းလွဲ ၃ နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၂ မိုင် ဝဖာလုံနှင့် ၁ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဘောနတ်ကြီးအမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ နေပြည်တော်မှ ရန်ကုန်ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်းနေ ဦးထွန်းထွန်းဦး(၆၁)နှစ် ဆိုသူမောင်းနှင်လာသည့် FORD မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ လှည်းကူးမြို့နယ်၊ သပြေတောင်ရပ်ကွက်နေ ဟိန်းမင်းထက်(၁၄)နှစ် ဆိုသူမောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ မိုးထက်နိုင်(၁၆)နှစ် ဆိုသူနှင့် ရှိုင်းခန့်အောင်(၁၅)နှစ် ဆိုသူတို့ လိုက်ပါလာသည့် ဆိုင်ကယ်က လမ်းမပေါ်သို့ ဖြတ်ကူးစဉ် ဝင်ရောက်တိုက်မိခဲ့သဖြင့် ဟိန်းမင်းထက်၊ မိုးထက်နိုင်နှင့် ရှိုင်းခန့်အောင်တို့ သုံးဦးတွင် ထိခိုက်ဒဏ်ရာများ အသီးသီး ရရှိခဲ့သောကြောင့် ဟိန်းမင်းထက် ဆိုသူအား ဘောနတ်ကြီးအမြန်လမ်းမကြီးရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## လိုင်စင်မဲ့ဆိုင်ကယ်စီးနင်းသူများအား အရေးယူ

**ပြင်ဦးလွင် မေ ၇**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပိတ်ချင်းမြောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ဝက်ဝံကျေးရွာတွင် အမျိုးသားနှစ်ဦးအား လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ အရေးယူထားသည်။

ဖြစ်စဉ်မှာ မေ ၂ ရက် နံနက် ၁၀ နာရီက ပိတ်ချင်းမြောင် နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဝက်ဝံကျေးရွာ၊ ရွှေကောင်းကင်ကြက်ခြံအနီးကားလမ်းတွင် စစ်ဆေးနေစဉ် Hig-hland110 နှစ်စီးအား စီးနင်းလာသူများတွေ့ရသဖြင့် ဆိုင်ကယ်များနှင့်ပတ်သက်၍ စစ်ဆေးရာ ပိုင်ဆိုင်ကြောင်း အထောက်အထားတင်ပြပြောဆိုနိုင်ခြင်းမရှိသည့်အပြင် လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်သဖြင့် အရေးယူခဲ့ခြင်းဖြစ်သည်။

အဆိုပါ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား မောင်းနှင်အသုံးပြုသူ နှစ်ဦးအား ပိတ်ချင်းမြောင် နယ်မြေရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိသည်။ (၀၅၇)

*-*-*-*-*

## နေအိမ် မီးလောင်မှုဖြစ်ပွား

**ကြို့ပင်ကောက် မေ ၇**

မေ ၅ ရက် နံနက် ၄ နာရီခွဲက ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ သဲကုန်းရပ်ကွက်၊ အောင်မင်္ဂလာလမ်းတွင် ပိုင်ရှင် ဦးခင်မောင်စိုး(၆၉)နှစ် ဆိုသူ၏ ပေ(၄၀×၃၀)၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနှစ်ထပ်နေအိမ်တွင် သွယ်တန်းထားသော လျှပ်စစ်ဝါယာကြိုး အပူလွန်ကဲပြီး မီးပွားထွက်ရာမှ အနီးရှိ ပျဉ်အကာသို့ မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ကြို့ပင်ကောက်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ် ခြောက်စီးဖြင့် သွားရောက် ငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။



အဆိုပါ မီးလောင်မှုကြောင့် ပေ(၄၀×၃၀)၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနှစ်ထပ်နေအိမ်တစ်လုံး၊ ပေ(၂၀×၃၀)၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနှစ်ထပ်နေအိမ်တစ်လုံး၊ စုစုပေါင်းနေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဦးခင်မောင်စိုးဆိုသူအား ကြို့ပင်ကောက်မြို့မရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ
မသုံးရ။

## ကျောင်းပိုင်းရပ်ကွက်၊ ဗိုလ်နေဝင်းလမ်းတွင် ဆိုင်ခန်းမီးလောင်မှုဖြစ်ပွား

**သံဖြူဇရပ် မေ ၇**

မေ ၅ ရက် နံနက် ၅ နာရီ ၃၅ မိနစ်ခန့်က မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျောင်းပိုင်းရပ်ကွက်၊ ဗိုလ်နေဝင်းလမ်း၊ သမဝါယမအသင်းပိုင်ဆိုင်ခန်းတွင် ဇာရမ်းလုပ်ကိုင်သူ ဦးကောင်းမြတ်သူ(၂၆)နှစ်ဆိုသူ၏ ၁၀ × ၆ ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းတစ်ထပ် "ကောင်းသူ" ဆိုင်ကယ်နှင့် ကားစတေကာ လုပ်ငန်းဆိုင်ခန်းတွင် ပန်ကာဖွင့်ထားခဲ့ရာမှ အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် သံဖြူဇရပ်မြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ် နှစ်စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။ (ဝဲပုံ)



အဆိုပါ မီးလောင်မှုကြောင့် ၁၀ × ၆ ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းတစ်ထပ် ဆိုင်ခန်း နှစ်ခန်း မီးလောင်ဆုံးရှုံးခဲ့မှုကြောင်းနှင့် ဦးကောင်းမြတ်သူဆိုသူအား သံဖြူဇရပ်မြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရုတ်နိုင်ငံသားသုံးဦး ဖမ်းဆီးရမိ



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်အတွင်း မေ ၆ ရက်တွင် တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသားနှစ်ဦး ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

နေပြည်တော် မေ ၇

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်အတွင်း၌ မေ ၆ ရက် ညနေပိုင်းတွင် မိုင်းပန်မြို့၏ အရှေ့မြောက်ဘက် မီတာ ၁၃၇၀၀ ခန့်အကွာ၌ တရားမဝင် အွန်လိုင်းလောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသားနှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ရှာဖွေဖော်ထုတ်မှုများကြောင့် ယနေ့ညနေပိုင်းတွင် မိုင်းပန်မြို့၏ မြောက်ဘက် မီတာ ၁၂၃၀၀ ခန့်အကွာတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသားတစ်ဦးအား ထပ်မံဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသားများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆက်လက်ဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူသုံးဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် မေ ၇

အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မဝင်းဝင်းအေး၊ မပိုင်းသစ္စာနှင့် မနွယ်နီမြင့်တို့ကို အမိနိုင်ငံသို့ ပို့ဆောင်နိုင်ရန် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် အီရတ်နိုင်ငံမှ အစိုးရအဖွဲ့အစည်းများ၊ IOM အဖွဲ့တို့နှင့် ညှိနှိုင်း ချိတ်ဆက်ဆောင်ရွက်မှုဖြင့် မေ ၆ ရက်တွင် ဘဂ္ဂဒတ်မြို့မှ လေကြောင်းလိုင်းဖြင့် ထွက်ခွာခဲ့ရာ မေ ၇ ရက် ည ၈ နာရီခန့်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။



နိုင်ငံတော်အစိုးရ အနေဖြင့် အမိနိုင်ငံသားများ ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရပါက မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်း ကူညီဆောင်ရွက်ပေးမှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့ကို လှိုက်လှဲစွာ ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)
ဓာတ်ပုံ-ကနူး

## စီမံကိန်းတာဝန်ပေးအပ်ပွဲ ကျင်းပ

**နွားထိုးကြီး မေ ၇**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ကျင်းပပြုလုပ်ခဲ့သည်။ ထို့နောက် စီမံကိန်းလုပ်ငန်းတာဝန်များကို မြို့နယ် ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး၊ မြေစာရင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး၊ သစ်တောဦးစီးဌာန၊ မြို့နယ်လျှပ်စစ်မန်နေဂျာ၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံး၊ မြို့နယ်မန်နေဂျာ၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် တို့အား အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**တင့်လွင်ဦး**

၀-၀-၀-၀

**အလုပ်ဆင်းပြန် မမေ့ရန်၊ မီး၊ ပန်ကာ၊ အဲယားကွန်း ပိတ်။**

## မသန်စွမ်းသက်ကြီးသင်တန်းကျောင်းတွင်ဖွင့်လှစ်မည့် သင်တန်းများအတွက် သင်တန်းသား၊ သင်တန်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း (၁)နှစ် သင်တန်းဖြစ်သော အီလက်ထရောနစ်သင်တန်းအား ၁၁-၅-၂၀၂၆ ရက်မှ ၂၆-၃-၂၀၂၇ ရက် အထိလည်းကောင်း၊ အမှတ်စဉ် (၁)၊ (၃) လသင်တန်းများဖြစ်သော ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်း၊ ဆံသသင်တန်းနှင့်တံဆိပ်ရိုက်သင်တန်းများအား ၁၁-၅-၂၀၂၆ရက်မှ ၇-၈-၂၀၂၆ရက်အထိ လည်းကောင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ ကိုယ်အင်္ဂါမသန်စွမ်းသူဖြစ်ရမည်။
၂။ အသက် (၁၈) နှစ်မှ (၄၅) နှစ်အတွင်းရှိသူဖြစ်ရမည်။
၃။ နေ့စဉ်တစ်ကိုယ်ရေလုပ်ငန်းဆောင်တာများအား ဆောင်ရွက်နိုင်သူဖြစ်ရမည်။
၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။
၅။ သင်တန်းကာလအတွင်း ကျောင်းမှချမှတ်ထားသော စည်းကမ်းများကို လေးစားလိုက်နာနိုင်ရမည်။
၆။ သင်တန်းကာလပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။
၇။ ပညာအရည်အချင်းနှင့်သင်ကြားပေးမည့်ဘာသာရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| သင်တန်းအမည် | ပညာအရည်အချင်း | ဘာသာရပ်များ |
|---|---|---|
| (က) အီလက်ထရောနစ်သင်တန်း | အထက်တန်း | Multimeter အသုံးပြုနည်း၊ Components သင်တန်းပစ္စည်းများ တိုင်းတာစစ်ဆေးခြင်း၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း၊ Circuit တည်ဆောက် / စစ်ဆေး/ ပြုပြင်ခြင်း၊ Sound Wave System၊ Power Supply၊ Amplifierနှင့်Transformerတည်ဆောက်ခြင်း |
| (ခ) ကွန်ပျူတာသင်တန်း | အထက်တန်း | Microsoftword၊ Microsoft Excell၊ Power Point၊ Adobe Pagemaker 7.0၊ Photo Shop |
| (ဂ) စက်ချုပ်သင်တန်း | အလယ်တန်း | အခြေခံစက်နင်းခြင်း၊ Pattern ဆွဲနည်း/ ထုတ်နည်း၊Blouse အင်္ကျီအမျိုးမျိုး၊ ချိတ်ထဘီနှင့် ကျားရုပ်အင်္ကျီချုပ်နည်း |
| (ဃ) ဆံသသင်တန်း | မူလတန်း | အမျိုးသားနှင့် အမျိုးသမီး ဆံပင်ပုံစံမျိုးစုံ ညှပ်ခြင်း၊ ခေါင်းလျှော်၊ ဆံပင်ဆေးဆိုး၊ ဆံပင်ဖြောင့်/ကောက်၊ မျက်နှာနှင့်ဆံပင် ပေါင်းတင်ခြင်းနှင့် နားဖောက်ခြင်း |
| (င) တံဆိပ်ရိုက်သင်တန်း | မူလတန်း | ဒီဇိုင်းပေါင်ပြုလုပ်ခြင်း၊ ဆေးစပ်ခြင်း၊ အင်္ကျီတံဆိပ်ရိုက်ခြင်း၊ အင်္ကျီစတေကာ ပြုလုပ်ခြင်း၊ ဖန်ခွက်တံဆိပ်ရိုက်ခြင်း၊ မှန်ပန်းချီပြုလုပ်ခြင်း |

**သင်တန်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ မှတ်ပုံတင်မိတ္တူ
၂။ အိမ်ထောင်စုဇယားမိတ္တူ
၃။ ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ
၄။ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ အမှန်တကယ်နေထိုင်ကြောင်း ထောက်ခံချက်မူရင်း
၅။ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးမှတ်တမ်းများနှင့် သောက်သုံးနေရသည့် ဆေးဝါးများ ယူဆောင်လာရန်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အမှတ် (၆၅) ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်းအတွင်းရှိ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း စားသောက်နေထိုင်ရေး၊သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား၊ သင်တန်းသူများအတွက် ရန်ကုန်မြို့သို့လာသော အသွားအပြန်ခရီးစရိတ်များကို နိုင်ငံတော်မှ စီစဉ်ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ဖုန်းနံပါတ် - ၀၆၇-၄၀၄၂၅၂ နှင့် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) ဖုန်းနံပါတ် ၀၁-၉၆၆၁၇၁၂၊ ၀၉-၄၄၈၀၃၅၀၈၀၊ ၀၉-၉၇၂၆၆၁၈၄၀ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# နိုင်ငံတကာ အားကစား သတင်းများ



## ဥရောပချန်ပီယံလိဂ် ဗိုလ်လုပွဲအဆင့်တွင် ပီအက်စ်ဂျီအသင်းနှင့် အာဆင်နယ်အသင်းတို့ တွေ့ဆုံ

**လန်ဒန် မေ ၇**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဥရောပချန်ပီယံလိဂ် ဗိုလ်လုပွဲအဆင့်တွင် ပီအက်စ်ဂျီအသင်းနှင့် အာဆင်နယ်အသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဥရောပချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့်တွင် အာဆင်နယ်အသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း၊ ပီအက်စ်ဂျီအသင်းက ဘိုင်ယန်မြူးနစ်အသင်းကို ခြောက်ဂိုး၊ ငါးဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ **(အပေါ်ပုံ)**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဥရောပချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်အဖြစ် လာမည့် မေ ၃၀ရက် မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲတွင် ပီအက်စ်ဂျီအသင်းနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**

## နည်းပြ တာဇစ်ကို နည်းပြသစ်အဖြစ် ဘီလ်ဘာအိုအသင်း ခန့်အပ်

**မက်ဒရစ် မေ ၇**

ဘီလ်ဘာအိုအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ တာဇစ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဘီလ်ဘာအိုအသင်းနှင့်အတူ နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့သည်။

နည်းပြတာဇစ်သည် နည်းပြဘဝတစ်လျှောက်တွင် ဒေါ့မွန်အသင်းကို ကိုင်တွယ်ခဲ့ဖူးပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဘီလ်ဘာအိုအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၃)နှစ်အရွယ်ရှိ တာဇစ်က "ကျွန်တော် ဘီလ်ဘာအိုအသင်းနည်းပြအဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အောက်ပုံ)(NGB)**



## ဂါဘရီယယ်ဆာရာကို ခေါ်ယူရန် အက်စတွန်ဗီလာအသင်း စီစဉ်

**လန်ဒန် မေ ၇**

အက်စတွန်ဗီလာအသင်းသည် ဂါလာတာစာရေးအသင်း ကွင်းလယ်ကစားသမား ဂါဘရီယယ်ဆာရာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဂါလာတာစာရေးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၇ ပွဲ ကစားပြီး ရှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။




ဂါဘရီယယ်ဆာရာကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် အက်စတွန်ဗီလာအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဂါလာတာစာရေးအသင်းမှ ဂါဘရီယယ်ဆာရာအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ)(NGB)**

## ဖလိုရီယန်လီဂျွန်း ဗယ်လက်ကာနိအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် မေ ၇**

ဗယ်လက်ကာနိအသင်းသည် အသင်း နောက်ခံကစားသမား ဖလိုရီယန်လီဂျွန်းအား ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(ယာပုံ)**



အဆိုပါ နောက်ခံကစားသမားသည် ဗယ်လက်ကာနိအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၇ ပွဲကစားကာ ၁၁ ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၄)နှစ်အရွယ် ဖလိုရီယန်လီဂျွန်းက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။(NGB)

## နည်းပြ အာနီဆလော့ လီဗာပူးအသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် မေ ၇**

လီဗာပူးအသင်းနည်းပြ အာနီဆလော့က မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ နည်းပြကို လက်ရှိအချိန်တွင် အေဂျက်စ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ၎င်းက လီဗာပူးအသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နည်းပြ အာနီဆလော့သည် လီဗာပူးအသင်းကို ၂၀၂၄ ခုနှစ် ဇွန် ၁ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၁၀ ပွဲတွင် ၆၆ ပွဲနိုင်၊ ၁၇ ပွဲ သရေ၊ ၂၇ ပွဲရှုံး ရလဒ် ပိုင်ဆိုင်ထားသည်။ **(ယာပုံ)**

အသက်(၄၇)နှစ်အရွယ်ရှိ နည်းပြ အာနီဆလော့က "ကျွန်တော် လီဗာပူးအသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေရယူသွားမှာပါ" ဟု ပြောသည်။(NGB)



## 2026 Jiangxi Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Yao Xinxin တက်ရောက်



**ပေကျင်း မေ ၇**

တရုတ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Jiangxi Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အိမ်ရှင် တရုတ်တင်းနစ်မယ် Yao Xinxin တက်ရောက်ခဲ့သည်။

အဆိုပါ တရုတ်တင်းနစ်မယ် Yao Xinxin သည် 2026 Jiangxi Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဂျပန်တင်းနစ်မယ် Haruka Kaji အား ၆-၄၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Jiangxi Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အိမ်ရှင်တရုတ်တင်းနစ်မယ် Yao Xinxin နှင့် ထိုင်းတင်းနစ်မယ် Lanlana Tararudee တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ)(NGB)**

## လူးဝစ်မိုင်လီ ခြေထောက်ကျိုးဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီကုန်အထိ အနားယူရမည်

**လန်ဒန် မေ ၇**

နယူးကာဆယ်အသင်း ကွင်းလယ်ကစားသမား လူးဝစ်မိုင်လီသည် ခြေထောက်ကျိုးဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီကုန်အထိ အနားယူရမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် နယူးကာဆယ်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ **(အပေါ်ယာပုံ)**



ကွင်းလယ်ကစားသမား လူးဝစ်မိုင်လီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် နယူးကာဆယ်အသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ လူးဝစ်မိုင်လီသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၈၀ ကစားကာ ခြောက်ဂိုးသွင်းယူပြီး ခြေစွမ်းပြထားသည်။ **(NGB)**

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၅) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | | ယမန်နှစ် ရလဒ် | |
|---|---|---|---|---|
| ၉-၅-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | (၁၉)လီဗန်တေး -<br>(L,W,W,D,L) | အိုဆာဆူနာ(၁၀)<br>(D,D,L,W,L) | လီဗန်တေး ၀-၀ အိုဆာဆူနာ<br>အိုဆာဆူနာ ၃-၁ လီဗန်တေး | ၂၄-၂၅ |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၆) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | | ယမန်နှစ် ရလဒ် | |
|---|---|---|---|---|
| ၉-၅-၂၀၂၆<br>နံနက် ၀၁:၁၅ နာရီ | (၁၃)တိုရီနို -<br>(W,W,D,D,L) | ဆက်ဆူအိုလို(၁၀)<br>(W,L,W,D,W) | တိုရီနို ၂-၁ ဆက်ဆူအိုလို<br>ဆက်ဆူအိုလို ၁-၁ တိုရီနို | ၂၄-၂၅ |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၃) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | | ယမန်နှစ် ရလဒ် |
|---|---|---|---|
| ၉-၅-၂၀၂၆<br>နံနက် ၀၁:၀၀ နာရီ | (၂)ဒေါ့မွန် -<br>(W,L,L,W,L) | ဖရန့်ဖတ်(၈)<br>(D,W,L,D,L) | ဒေါ့မွန် ၂-၀ ဖရန့်ဖတ်<br>ဖရန့်ဖတ် ၂-၀ ဒေါ့မွန် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၃) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | | ယမန်နှစ် ရလဒ် |
|---|---|---|---|
| ၉-၅-၂၀၂၆<br>နံနက် ၀၁:၁၅ နာရီ | (၂)လန်းစ် -<br>(W,W,W,D,D) | နန့်တက်စ်(၁၇)<br>(D,D,L,L,W) | လန်းစ် ၃-၂ နန့်တက်စ်<br>နန့်တက်စ် ၃-၁ လန်းစ် |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | | ယမန်နှစ် ရလဒ် |
|---|---|---|---|
| ၉-၅-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | ဟားလ်စီးတီး - | မီဒေါလ် | ဟားလ်စီးတီး ၁-၃ မီဒေါလ်<br>မီဒေါလ် ၁-၃ ဟားလ်စီးတီး |

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် အထူးပြပွဲဆက်လက်ပြသ

ရန်ကုန် မေ ၇

ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးပတ်လမ်းတွင် ပြသလျက်ရှိရာ ယနေ့တွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)၊ ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်တို့မှ ဂေါပကအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ၊ လှည်းကူးပညာရေးဒီဂရီကောလိပ်၊ သမ္ဗုဒ္ဓေ၀ယေ သီလရှင်စာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ် တောတိုက်ဓမ္မရိပ်သာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူ ရဟန်းရှင်လူပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြရာ ၎င်းတို့၏ ပြပွဲနှင့်ပတ်သက်သည့် သဘောထားအမြင်များကို ဖော်ပြလိုက်ရပါသည်။



ဦးအောင်ဆန်းဝင်း



ဦးကျော်မိုး



အရှင်ကေလာသ



ဒေါ်ကြည်ကြည်ဇော်



ဒေါ်လဲ့ကြည်ဖြူ

**ဦးအောင်ဆန်းဝင်း**
**နိုင်ငံတော်ပရိယတ္တိ**
**သာသနာပြုတက္ကသိုလ်(ရန်ကုန်)**

ကျွန်တော်တို့ ထေရဝါဒဗုဒ္ဓဘာသာမှာ သင်္ဂါယနာတင်တာ ခြောက်ကြိမ် ရှိခဲ့တယ်၊ ဒါကို ရည်ရွယ်ပြီး ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀)ပြည့် အထိမ်းအမှတ်အနေနဲ့ ပြပွဲကျင်းပခြင်းဖြစ်ပါတယ်။ လိုဏ်ဂူရဲ့ ပတ်လမ်းမှာ သင်္ဂါယနာတင်တာနဲ့ ပတ်သက်ပြီး အစအဆုံး သိရှိနိုင်အောင် ပြသထားပါတယ်။ ကျွန်တော်တို့ သာသနာရေး ဝန်ကြီးဌာနက အဋ္ဌကထာတွေကို ကွန်ပျူတာစာစီနဲ့ ဆောင်ရွက်ခဲ့တဲ့ အဆင့်ဆင့်တွေကိုလည်း ပြခန်းတစ်ခုအနေနဲ့ သီးသန့်ပြသထားပါတယ်။

ဒီပြပွဲပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ နောင်လာနောက်သားလူငယ်တွေ ထေရဝါဒဗုဒ္ဓဘာသာ သာသနာမှာ ဆဋ္ဌသင်္ဂါယနာကို ဘယ်လိုတင်ခဲ့တယ်ဆိုတာ သိရှိအောင်၊ ရဟန်းရှင်လူ ပြည်သူတွေ လာရောက် ဖူးမြော်နိုင်အောင် ရည်ရွယ်ပြီး ပြသခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီပြပွဲကို လာရောက်ကြဖို့ မေတ္တာရပ်ခံဖိတ်ကြားလိုပါတယ်။

**ဦးကျော်မိုး**
**ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)**
**နိုင်ငံတော်ပရိယတ္တိ**
**သာသနာ့တက္ကသိုလ်(ရန်ကုန်)**

ဒီအထိမ်းအမှတ် ပြခန်းကို နိုင်ငံတော် အကြီးအကဲတွေရဲ့ လမ်းညွှန်မှုနဲ့အညီ ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ် အထူးပြပွဲအဖြစ် စီစဉ် ဆောင်ရွက်ထားတာပါ။ မြတ်စွာဘုရားရှင်ရဲ့ ဖွား၊ ပွင့်၊ ဟော၊စံ ပြခန်း၊ ဆဋ္ဌသင်္ဂါယနာတင်ခဲ့တဲ့ သမိုင်းမှတ်တမ်း၊ ညောင်ရမ်းဆရာတော်၊ မဟာစည်ဆရာတော်၊ မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အစရှိတဲ့ ထင်ရှားသော ဆရာတော်ကြီးတွေရဲ့ မှတ်တမ်းတွေကိုလည်း တွေ့မြင်နိုင်ပါတယ်။

ပိဋကသုံးပုံကို ကွန်ပျူတာစာမူဖြစ်အောင် ဦးဆောင်ခဲ့တဲ့ ရွှေသုဝဏ်ဆရာတော်ရဲ့ မှတ်တမ်း၊ အဋ္ဌကထာကျမ်းစာအုပ်နဲ့ သုတ္တန စာအုပ်ပြုစုခဲ့တဲ့ မှတ်တမ်းအပြင် ဆဋ္ဌသင်္ဂါယနာတင်စဉ်က အသုံးပြုခဲ့တဲ့ပုံနှိပ်စက်နဲ့ အခြားဗဟုသုတ မှတ်တမ်းတွေကိုလည်း ပြသထားပါတယ်။

ပြခန်းကို မေလ ၁၀ ရက်အထိ ဖွင့်လှစ်ပြသသွားမှာ ဖြစ်တဲ့အတွက် ရဟန်းရှင်လူပြည်သူ၊ ကျောင်းသား ကျောင်းသူတွေ အနေနဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ သမိုင်းကြောင်းတွေနဲ့ သင်္ဂါယနာတင်ခဲ့တဲ့ သမိုင်းဝင်အကြောင်းအရာတွေကို လာရောက်လေ့လာပြီး ဗဟုသုတတွေရယူကြဖို့ ဖိတ်ခေါ်လို ပါတယ်။

**အရှင်ကေလာသ**
**နိုင်ငံတော်ပရိယတ္တိ**
**သာသနာ့တက္ကသိုလ်(ရန်ကုန်)**

မော်ကွန်းထိန်း ဆရာတော်ဦးဆောင်ပြီး သင်ကြားစီမံဆရာတော်တွေ၊ ကထိကဆရာတော်တွေ၊ နည်းပြဆရာတော်တွေနဲ့ သင်တန်းသား သံဃာတော်တွေ အားလုံးစုစုပေါင်း ၉၃ ပါးကြွရောက်ခဲ့တာပါ။ ဒါတွေက သာသနာမှာ ထင်ကျန်ခဲ့မယ့် သမိုင်းတွေဖြစ်ပြီး တန်ဖိုး နားလည်သူတွေအတွက် တန်ဖိုးဖြတ်လို့မရပါဘူး။

သင်္ဂါယနာ ခြောက်ကြိမ်တင်ခဲ့ပြီး ထေရဝါဒဗုဒ္ဓဘာသာအတွက် အလွန်တန်ဖိုးရှိပါတယ်။ ရဟန်းရှင်လူပြည်သူတွေအနေနဲ့ ပြပွဲကို လာရောက် လေ့လာမယ်ဆိုရင် အသိဉာဏ်ဗဟုသုတတွေ ရရှိနိုင်သလို ဘုရားရှင်နဲ့ သံဃာတော်တွေ၊ တရားတော်တွေရဲ့ ဂုဏ်ကျေးဇူးတွေကို ပိုမိုသိရှိပြီး သာသနာတော်ကို ချစ်မြတ်နိုးတဲ့စိတ်တွေ ပိုမိုတိုးပွားလာမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် အားလုံးကို လာရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ကြည်ကြည်ဇော်**
**တောတိုက်ဓမ္မရိပ်သာ**
**ဘုန်းတော်ကြီးသင်**
**ပညာရေးကျောင်း**

သင်္ဂါယနာတင်တယ်ဆိုတာကို စာထဲမှာဖတ်ဖူးတာ၊ ကြားဖူးတာ



ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် အထူးပြပွဲသို့ လာရောက်လေ့လာကြည့်ရှုကြသူများကို တွေ့ရစဉ်။

ပဲရှိတယ်။ ဆရာတော်က ကားတွေစီစဉ်ပေးလို့ လာရောက်လေ့လာဖြစ်တာပါ။ လူဖြစ်နေတဲ့ကာလ ကြုံတုန်းကြုံခိုက် ကလေးတွေကို လာရောက်လေ့လာစေချင်တယ်။ မြတ်စွာဘုရားနဲ့ ပတ်သက်တဲ့ သာသနာတော်ဆိုင်ရာ အကြောင်းအရာတွေ၊ ကိုယ်မသိသေးတာတွေကို ထပ်သိရတယ်။ ပြပွဲမှာ တာဝန်ရှိသူတွေ ရှင်းပြသွားတဲ့ အိန္ဒိယနိုင်ငံက ဆီမီးထွန်းတာမျိုးဆိုရင် ကိုယ့်အတွက် ဗဟုသုတအသစ်တွေ လေ့လာခွင့်ရတဲ့အတွက် ဝမ်းသာကြည်နူးမိပါတယ်။

အချို့က ဗုဒ္ဓဘာသာကိုးကွယ်သူဆိုပေမယ့် ဗုဒ္ဓဘာသာအကြောင်းကို ထဲထဲဝင်ဝင်မသိတဲ့ ကလေးတွေ အများကြီးရှိပါတယ်။ ဒီလိုပြပွဲတွေကနေ ဗုဒ္ဓဘာသာဘာလဲဆိုတာကို ထဲထဲဝင်ဝင် သိသွားမယ်၊ ဗဟုသုတတွေလည်း အများကြီးရသွားမယ်လို့ မျှော်လင့်ပါတယ်။

**ဒေါ်လဲ့ကြည်ဖြူ**
**တွဲဖက်ပါမောက္ခ**
**လှည်းကူးပညာရေး**
**ဒီဂရီကောလိပ်**

ကျွန်မတို့ လှည်းကူးပညာရေးဒီဂရီကောလိပ်က ကျောင်းသားကျောင်းသူအင်အား ၂၅၀ ခန့်နဲ့ မဟာပါသာဏလိုဏ်ဂူ ဆဋ္ဌသင်္ဂါယနာတင် နှစ်(၇၀)ပြည့် အထိမ်းအမှတ် အထူးပြပွဲလာရောက်လေ့လာတာပါ။ ကျွန်မတို့ရဲ့ ထေရဝါဒဗုဒ္ဓဘာသာမြန်မာနိုင်ငံမှာ ဒီလိုမျိုး ဆဋ္ဌသင်္ဂါယနာတင် နှစ်(၇၀) ပြည့် အထိမ်းအမှတ် အထူးပြပွဲကို ကျောင်းသားကျောင်းသူတွေ၊ ပညာရေးဝန်ထမ်းတွေလည်း သိရှိလေ့လာစေလိုတဲ့ ရည်ရွယ်ချက်နဲ့ လာရောက်ခဲ့တာပါ။

ကျွန်မက ဘာသာရေးစာပေတွေကို ဖတ်ရှုရတာ ဝါသနာပါပါတယ်။ လူမှုကွန်ရက်ပေါ်မှာ ဆဋ္ဌသင်္ဂါယနာတင် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အောင်ပွဲ အင်တာဗျူးကို ကြည့်မိပြီး ပြပွဲရောက်ခိုက် ဉာဏ်စမ်းပဟေဠိ ဝင်ဖြေခဲ့တာ မမျှော်လင့်ဘဲ အမှတ်ပြည့်ရတော့ ဝမ်းသာတယ်။ ဗုဒ္ဓဘာသာနဲ့ပတ်သက်တဲ့ ဗဟုသုတတွေ၊ သာသနာတော်ဆိုင်ရာ ဗဟုသုတတွေကို လေ့လာခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**သတင်းအဖွဲ့**

# တရုတ်သို့ ဆန်တင်ပို့လိုသည့် ကုမ္ပဏီသစ်များ ဇွန်လကုန်နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း ဆန်စပါးအသင်းချုပ် ထုတ်ပြန်

မန္တလေး မေ ၇

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့ခွင့်ရရှိရန် အဆိုပြုလွှာ (EOI)တင်သွင်းလိုသည့် ကုမ္ပဏီအသစ်များအနေဖြင့် လာမည့် ဇွန် ၃၀ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)မှ သိရသည်။

အဆိုပါ ဖိတ်ခေါ်မှုသည် ယခင်က ခွင့်ပြုချက်ရရှိထားခြင်းမရှိသေးသည့် ကုမ္ပဏီအသစ်များအတွက် နှစ်စဉ်ပုံမှန် စိစစ်မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်။

တင်ပို့ခွင့်မှတ်ပုံတင်ခြင်းကို မြန်မာနှင့်တရုတ် နှစ်နိုင်ငံအကြား ချုပ်ဆိုထားသည့် အပြင်ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်သဘောတူညီချက် (Sanitary and Phytosanitary - SPS Protocol)အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မည့် ကုမ္ပဏီများသည် အဆိုပါ SPS Protocol ပါ စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် နည်းပညာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့တို့က နှစ်စဉ်စိစစ်လျက်ရှိသည်။

လျှောက်ထားလိုသည့် လုပ်ငန်းရှင်များအနေဖြင့် အဆိုပြုလွှာများကို Hard Copy (၁)စုံနှင့် Soft Copy (Word file) များဖြင့် ပြင်ဆင်ရမည်ဖြစ်ကြောင်း ဆန်စပါးအသင်းချုပ်မှ အသိပေးထားကြောင်း၊ လျှောက်လွှာများကို ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်ရှိ UMFCCI (၉)လွှာရှိ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရုံး(သို့မဟုတ်)အင်းစိန်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန(သီးနှံကာကွယ်ရေးဌာနခွဲ)သို့ လူကိုယ်တိုင်သွားရောက်တင်သွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် လုပ်ငန်းရှင်များ အဆင်ပြေစေရန်အတွက် လျှောက်လွှာပုံစံများကို စိုက်ပျိုးရေးဦးစီးဌာန၏ ဝက်ဘ်ဆိုက်များဖြစ်သော www.doa.gov.mm၊ https://ppd.doa.gov.mm နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဝက်ဘ်ဆိုက် www.umfcci.com.mm တို့တွင်လည်း ဝင်ရောက်ရယူနိုင်ကြောင်း သိရသည်။ လျှောက်ထားမှုနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အသင်းချုပ်၏ ဖုန်းနံပါတ်များဖြစ်သော ၀၁-၂၁၈၂၆၆ နှင့် ၀၁-၂၃၀၁၁၂၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်နှင့် ဆန်ကွဲတင်ပို့မှုသည် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းအရ အရေးပါသော ဈေးကွက်တစ်ခုဖြစ်ရာ ယခုကဲ့သို့ ကုမ္ပဏီအသစ်များကို ဖိတ်ခေါ်ခြင်းဖြင့် ပြည်ပပို့ကုန်ကဏ္ဍတွင် ပါဝင်လိုသည့် လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းသစ်များ ရရှိလာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရှိရသည်။

(မန္တလေးနေ့စဉ်-၈)

**စာအုပ်စာပေ လူ့မိတ်ဆွေ။**

## ရေကြီးနစ်မြုပ်မှုလျော့နည်းသက်သာစေရေးအတွက် ကွန်ကရစ်လိုင်နင် ဆောင်ရွက်မည့်လုပ်ငန်း ကြည့်ရှုစစ်ဆေး



**တောင်တွင်းကြီး မေ ၇**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ပြည်သူများ၏ လူနေအိမ်များ၊ ဈေးများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ လမ်း၊တံတားများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ နှင့် ကျေးရွာများ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေရန်၊ ရေကြီးနစ်မြုပ်မှု လျော့နည်း သက်သာစေရေးအတွက် တောင်တွင်းကြီး - မကွေးလမ်း ပေါ်ရှိ စက်စက်ယိုချောင်း ကွန်ကရစ်လိုင်နင် ဆောင်ရွက်မည့် လုပ်ငန်းအား ယမန်နေ့ ညနေ ၄နာရီခွဲက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ချက်များကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝမ်းက ၂၀၂၄ -၂၀၂၅ ခုနှစ်တွင် တောင်တွင်းကြီးမြို့ အဝင် စက်စက်ယိုရေစီးချောင်းအား တောင်တွင်းကြီးမြို့၊ ရေဦးကျွန်းတောတံတားမှ အထက် ဘက် အလျားပေ ၃၀၀၀ သဲနုန်း တူးဖော်ခြင်း၊ မူလလက်ရှိ စက်စက်ယိုချောင်း အုန်းတောရေလွှဲဆည်အထက် အလျားပေ ၁၀၀၀၀ သဲနုန်းတူးဖော်ခြင်း၊ အုန်းတောရေလွှဲဆည်မှ အောက်ဘက် အလျားပေ ၁၂၀၀၀ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၂၅ - ၂၀၂၆ ခုနှစ်တွင် ထိပ်ဝအကျယ် ပေ ၆၀၊ အောက်ခြေအကျယ် ပေ ၄၀၊ အမြင့် ၁၀ ပေရှိသည့် စက်စက်ယိုချောင်း ကွန်ကရစ်လိုင်နင်တည်ဆောက်ခြင်းလုပ်ငန်း အလျားပေ ၁၅၅၀ ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် အလျားပေ ၈၅၀၀ နှင့်ပတ်သက်၍တင်ပြခဲ့ပြီး တင်ပြလာမှုအပေါ် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ ကွန်ကရစ်လိုင်နင်တည်ဆောက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**နောင်နောင်(ဗိဿနိုးမြေ)**

## ဆပ်ပြာဆီ၊ ဆပ်ပြာခဲနှင့် ခေါင်းလျှော်ရည် ပြုလုပ်နည်းသင်တန်း(အခမဲ့) ဖွင့်လှစ်

**ကန့်ဘလူ မေ ၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေပြီး တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ရရှိစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာဆီ၊ ဆပ်ပြာခဲနှင့် ခေါင်းလျှော်ရည် ပြုလုပ်နည်းသင်တန်း ဖွင့်ပွဲကို မေ ၅ ရက်က ကန့်ဘလူမြို့နယ်၊ လိတ္တူကျေးရွာ ဇေယျာသီရိ ရွာဦးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကန့်ဘလူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးခိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားများ၏ ဆပ်ပြာဆီ၊ ဆပ်ပြာခဲနှင့် ခေါင်းလျှော်ရည် လက်တွေ့ပြုလုပ်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာဆီ၊ ဆပ်ပြာခဲနှင့် ခေါင်းလျှော်ရည် ပြုလုပ်နည်းသင်တန်းသို့ လိတ္တူကျေးရွာ၊ ကိုင်းတောကျေးရွာ၊ သင်ပန်းတောကျေးရွာတို့မှ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းနည်းပြဆရာက သင်တန်းနှင့်ပတ်သက်၍ စာတွေ့၊ လက်တွေ့ဖြင့် မေ ၅ ရက်မှ မေ ၉ ရက်အထိ ငါးရက်ကြာ အခမဲ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ကန့်ဘလူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**(အောက်ပုံ)ငြိမ်းသူ**



## ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၌ အခြေခံစက်ချုပ်နည်းပညာ သင်တန်းဖွင့်လှစ်

**အမရပူရ မေ ၇**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၌ လူငယ်လူရွယ်များ အလုပ်အကိုင် အခွင့်အလမ်းတိုးတက်နိုင်စေရန်၊ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းငယ်များ ဆောင်ရွက်လာနိုင်စေရန်၊အသက်မွေးဝမ်းကျောင်း ပညာရပ်များ လက်ဆင့်ကမ်း ပညာအမွေ ဖြန့်ဝေပေးနိုင်ရန် ရည်ရွယ်ချက်ကောင်းများဖြင့် ရက်(၁၀၀)စီမံချက်များ ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဆိုပါစီမံချက်တွင် ပါဝင်သော အခြေခံစက်ချုပ်နည်းပညာသင်တန်းကို မေ ၅ ရက်မှ ဇွန် ၃ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းဖွင့်ပွဲကို မေ ၅ ရက် နံနက် ၉ နာရီက အမရပူရမြို့နယ်၊ မန္တလေး-စစ်ကိုင်းလမ်းရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ကြီးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ဒုတိယကျောင်းအုပ်ကြီး(သင်ကြားရေး)က သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)(ဝ၄၅)



## စားအုန်းဆီများအား ကျေးရွာအရောက် ရောင်းချပေး

**ကျောက်ဆည် မေ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ပြည်သူများ စားအုန်းဆီဝယ်ယူသုံးစွဲရာ၌ အခက်အခဲမရှိစေရေး ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် စားသုံးဆီအရောင်းဆိုင်များမှ သတ်မှတ်ရည်ညွှန်းဈေးဖြင့် အိမ်ထောင်စုတစ်စုအတွက် စားအုန်းဆီ နှစ်ပိဿာနှုန်းဖြင့် ကျေးရွာများအရောက် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချရာ၌ ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် ဆီအရောင်းဆိုင်များဖြစ်သည့် ဦးတင်လင်းအောင် (အမေထွား) ဆီအရောင်းဆိုင်မှ သင်္ကတုံ၊ ဒွေးလှကျေးရွာ ပြည်သူများအား စားအုန်းဆီ ပိဿာ ၃၃၀၊ ဒေါ်ကေဇာခိုင် (ဗိုလ်တစ်ထောင်)ဆီအရောင်းဆိုင်မှ တုံလုံကျေးရွာပြည်သူများအား စားအုန်းဆီ ပိဿာ ၁၁၀၊ ဦးနန်းဦး (နဒီဇရာ) ဆီအရောင်းဆိုင်မှ အုန်းချော၊ ကုန်းသာ၊ ဆင်ဖြူရွာသာရွာ ပြည်သူများအား စားအုန်းဆီ ပိဿာ ၄၄၀ တို့အား တစ်ပိဿာလျှင် ငွေကျပ် ၈၂၆၀ ဖြင့် ပြည်သူများ လက်ဝယ်အရောက် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ထက်ထက်(ကျောက်ဆည်)**

* - * - * - * - *

## နွေသီးနှံစိုက် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများ စုပေါင်းရောင်းချ

**စဉ့်ကိုင် မေ ၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏စီမံမှုဖြင့် ကျောက်ဆည်ခရိုင်၊စဉ့်ကိုင်မြို့နယ်အတွင်းရှိ နွေသီးနှံစိုက် တောင်သူများအား မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ ဖြန့်ဝေရောင်းချသည့် ယူရီးယားဓာတ်မြေဩဇာများ စုပေါင်းရောင်းချပွဲကို မေ ၄ ရက် နံနက် ၉ နာရီခွဲက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ စဉ့်ကိုင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်မင်းဦး၊ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစံအောင်၊ စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းဇော်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ယူရီးယားဓာတ်မြေဩဇာများ စုပေါင်းရောင်းချပွဲ အခမ်းအနားတွင် စဉ့်ကိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစံအောင်က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံများ ပန်းထွက်အထွက်နှုန်းရရှိရေးအတွက် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးအမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းဇော်က အခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့ပြီး စဉ့်ကိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စိုက်/ညှိအဖွဲ့ဝင်များက နွေသီးနှံစိုက်ပျိုးသည့် တောင်သူများထံသို့ ဝယ်ယူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**ကျော်စွာ(စဉ့်ကိုင်)**

# ရေအားမှ သန့်စင်သော လျှပ်စစ်စွမ်းအင်သို့ ပြောင်းလဲခြင်း(၁)

## ရေအားလျှပ်စစ်ဆည်တမံများ

ရေအားလျှပ်စစ်ထုတ်ရန် အသုံးပြုသော ဆည်များသည် အရေးအပါဆုံး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စနစ်များထဲတွင် ပါဝင်ပြီး ဆည်များအတွင်း သိုလှောင်ထားသော (သို့မဟုတ်) စီးဆင်းနေသော ရေ၏အရှိန်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားကို ထိရောက်စွာနှင့် ရေရှည်တည်တံ့နိုင်မြဲသော နည်းလမ်းဖြင့် ထုတ်လုပ်ပေးသည်။ စွမ်းအင်ထုတ်လုပ်မှုဖြစ်စဉ်မှာ စနစ်တကျ ချိတ်ဆက်ထားသော အင်ဂျင်နီယာ အတတ်ပညာများဖြင့် ဖွဲ့စည်းထားသည်။

## ရေအားအစပြုခြင်း


ရေလှောင်ကန်အတွင်းရှိ ရေများသည် ရေဝင်ပေါက်တံခါးများနှင့် ရေသွယ်ပြွန်များ (Penstocks)မှတစ်ဆင့် စီးဆင်းသွားသည်။

## စွမ်းအင်ပြောင်းလဲခြင်း

အဆိုပါ ရေစီးအားသည် တာဘိုင်(Turbines) များဆီသို့ ရောက်ရှိပြီး ရေ၏ရွေ့လျားစွမ်းအင်(Kinetic Energy)ကို စက်မှုစွမ်းအင် (Mechanical Energy)အဖြစ် ပြောင်းလဲပေးသည်။

## ဓာတ်အားထုတ်လုပ်ခြင်း

ထို့နောက် ဂျင်နရေတာ (Generator)က ထိုစက်မှုစွမ်းအင်ကို လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲပေးပြီး ထရန်စဖော်မာ (Transformers) များမှတစ်ဆင့် ဗို့အားမြှင့်ကာ လျှပ်စစ်ဓာတ်အားလိုင်းများမှတစ်ဆင့် သုံးစွဲသူများထံ ဖြန့်ဖြူးပေးသည်။ ဤစနစ်သည် မြို့ပြစက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာ အတတ်ပညာရပ်များကို ဟန်ချက်ညီညီ ပေါင်းစပ်ထားသော တည်ဆောက်ပုံဖြစ်ပြီး မြို့ပြများနှင့် စက်မှုလုပ်ငန်းများအတွက် သန့်စင်ပြီး စိတ်ချရသောစွမ်းအင်ကို ထောက်ပံ့ပေးလျက်ရှိသည်။




ရေအားလျှပ်စစ်စက်ရုံ။

## ရေအားလျှပ်စစ်ဆိုသည်မှာ

ရေအားလျှပ်စစ်ဆိုသည်မှာ နည်းပညာတစ်ခု သက်သက်မဟုတ်ဘဲ ပိုမိုသန့်စင်ပြီး ထိရောက်မှုရှိသော အနာဂတ်အတွက် ရေရှည်တည်တံ့သည့် ဖြေရှင်းချက်တစ်ခုလည်း ဖြစ်သည်။

## ရေအားလျှပ်စစ်စက်ရုံဆိုသည်မှာ

ရေစီးအားဖြင့်လည်ပတ်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်သော စက်ရုံဖြစ်သည်။ ရေအားလျှပ်စစ်စက်ရုံတွင် ရေလှောင်တမံ၊ ရေယူအဆောက်အအုံများ၊ ဓာတ်အားစက်ရုံတို့ ပါဝင်သည်။

လူတို့သုံးစွဲလျက်ရှိသော အရာများတွင် ရေအားသည်သာလျှင် ရုတ်တရက် ကုန်ဆုံး၍ မသွားနိုင်ချေ။ အလုပ်လုပ်ရန်အတွက် စက်ကို လည်စေရာတွင် ကျောက်မီးသွေးကို သုံးသည်ဖြစ်စေ၊ ဓာတ်ဆီကို သုံးသည်ဖြစ်စေ လူသည် အစားပြန်၍ မထိုးနိုင်သောပစ္စည်းကို အသုံးပြုနေရခြင်း ဖြစ်ပေသည်။

အက်တမ်တစ်ခု၏ နျူကလိယပ်စ်အတွင်းရှိ မြောက်မြားစွာသော စွမ်းအင်ကို အသုံးပြုရာ၌ပင် စွမ်းအင်ကိုဖြစ်စေသည့် အက်တမ်ကို ဖျက်ဆီးပစ်နေခြင်း ဖြစ်ပေသည်။ ရေအားကို အသုံးပြုသော

**လူတို့သုံးစွဲလျက်ရှိသော အရာများတွင် ရေအားသည်သာလျှင် ရုတ်တရက် ကုန်ဆုံး၍ မသွားနိုင်ချေ။ အလုပ်လုပ်ရန်အတွက် စက်ကို လည်စေရာတွင် ကျောက်မီးသွေးကို သုံးသည်ဖြစ်စေ၊ ဓာတ်ဆီကို သုံးသည်ဖြစ်စေ လူသည် အစားပြန်၍ မထိုးနိုင်သောပစ္စည်းကို အသုံးပြုနေရခြင်း ဖြစ်ပေသည် . . .**

အခါတွင်မှ သဘာဝအလျောက် အစဉ်ဖြစ်ပေါ်နေခြင်းကို အသုံးပြုခြင်းသာ ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် နေ၏အပူကြောင့် ပင်လယ်၊ သမုဒ္ဒရာနှင့် အခြားနေရာများရှိ ရေအချို့သည် လေထုအတွင်းသို့ ရေငွေ့အဖြစ်နှင့် ပျံတက်ကုန်ကြသည်။ ထို့နောက် ထိုရေငွေ့များက တိမ်များ



တရုတ်နိုင်ငံအလယ်ပိုင်းရှိ ကမ္ဘာ့အကြီးဆုံး Three Gorges Dam ရေအားလျှပ်စစ်စက်ရုံ။

ဖြစ်လာကြပြီးလျှင် တောင်များပေါ်တွင် မိုးအဖြစ်နှင့်ဖြစ်စေ၊ နှင်းအဖြစ်နှင့်ဖြစ်စေ ကျလာရာမှ တစ်ဖန် ပင်လယ်၊ သမုဒ္ဒရာနှင့် အခြားအင်းအိုင်များသို့ ပြန်၍ ရောက်ကြပြန်သည်။ နေရှိနေသရွေ့ ထိုနည်းဖြင့် ရေသည် သံသရာလည်လျက်ရှိနေလေသည်။

ရေ၏စွမ်းအားကို အသုံးပြုရာတွင် လူသည် ကမ္ဘာ့ဆွဲအားကို အသုံးပြုလေသည်။ ထိုသို့ အသုံးပြုရာတွင် ရေ၏အလေးချိန်နှင့် ရေမြင့်အားကို အသုံးပြုရပေသည်။ ရေမြင့်အားဆိုသည်မှာ ရေ စ၍ စီးသည့်နေရာကို မတိုင်းတာရဘဲ ရေ စ၍ စီးသည့်နေရာနှင့် အောက်တည့်တည့် မြေမျက်နှာပြင်ကိုသာ တိုင်းရသည်။ ကမ္ဘာ့ဆွဲအားကြောင့် ရေကုဗပေ တစ်ပေတိုင်းတွင် ရေအလေးချိန် ၆၂ ဒသမ ၄ ပေါင် ဖြစ်ပေါ်လေသည်။ ထို့ကြောင့် ပေ ၃၀ ၏ အောက်ခြေရှိ စတုရန်းတစ်ပေရှိသော နေရာတွင် ရေအလေးချိန်သည် ၃၀၆၂ ဒသမ ၄၀၁၈၇၂ ပေါင် ရှိလေသည်။ ထိုအလေးချိန်က စက်၏ဘီးကို ရိုက်ခတ်လိုက်သောအခါ ဘီးသည် လည်ပြီးလျှင် အသုံးဝင်သောစွမ်းအင်ကို ဖြစ်စေလေသည်။ စွမ်းအင်စ၍ ဖြစ်ပေါ်သောနေရာနှင့် ဘီးကိုကား ထိနေစေရပေသည်။ လူတို့သည် စီးနေသည့် ရေမှ စွမ်းအားကို ထုတ်ယူသုံးစွဲခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပေပြီ။ ရှေးအခါက အင်္ဂလန်နိုင်ငံရှိ ကျေးလက်များတွင် ရေဖြင့်လည်စေသည့် စက်များဖြင့် ကောက်ပဲသီးနှံများကို ကြိတ်ယူခဲ့ကြလေသည်။ ထိုသို့ သုံးစွဲကြရာတွင် ဘီး၏နှုတ်ခမ်း၌ ရေပုံးများကို ချိတ်ထားကြသည်။ ပုံးများထဲသို့ ဝင်လာသောအခါ ရေ၏အလေးချိန်ကြောင့် ဘီးလည်သွားသည်။ ပုံးထဲရှိရေသည် ဘီးလည်၍ အောက်ဘက်သို့ ရောက်သွားသောအခါ ထွက်သွားလေသည်။ အကြီးဆုံး ရေဘီးကို အိုင်းအော့မန်းကျွန်း၌ တည်ဆောက်ထားခဲ့ကြသည်။ ထိုဘီး၏ အချင်းမှာ ၇၂ ၁/၂ ပေ ရှိ၍ မြင်းအား ၁၃၀ မှ ၁၅၀ အထိ ပေးနိုင်စွမ်းရှိလေသည်။

ဒိုင်နမိုများကို ရေအားဖြင့် လည်စေပြီးလျှင် ရရှိလာသည့် လျှပ်စစ်ဓာတ်ကို အဖိုးနှုန်းချိုသာစွာနှင့် ထုတ်ယူနိုင်လိမ့်မည်ဟု များသောအားဖြင့် ထင်မှတ်တတ်ကြလေသည်။ လက်တွေ့လုပ်ရာတွင်မူ အလွန်စရိတ်ကြီးလေးသောကြောင့် ရေနွေးငွေ့ဖြင့် လည်စေသည့်စက်ကဲ့သို့ပင် စရိတ်ကုန်ကျသည်ကို တွေ့ကြရတတ်သည်။ တစ်ခါတစ်ရံတွင် ရေနွေးငွေ့ဖြင့် လည်စေသည့် စက်ထက်ပင် စရိတ်ပို၍ ကြီးလေးတတ်ပေသေးသည်။ ရေအားဖြင့် လည်စေမည့် စက်များကို မတည်ဆောက်မီက တစ်နှစ်ပတ်လုံး ရေလုံလုံလောက်လောက် ရရှိမည်၊ မရရှိမည်ကို ရှေးဦးစွာ သိရှိရပေမည်။ စက်ကို ဆောက်လုပ်ပြီးမှ နွေရာသီတွင် စက်ကို ရပ်ထားရမည်ဆိုသော် အကျိုးရှိနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် သာမန်အားဖြင့် အထူးကောင်းမွန်မည်ဟု ထင်ရသောနေရာများပင် အမှန်အားဖြင့် မသင့်တော်သောနေရာများ ဖြစ်တတ်ပေသည်။

ရေ၏စွမ်းအားကို အသုံးပြုရာတွင် လူသည် တဖြည်းဖြည်း ပို၍ ကောင်းမွန်သည့်နည်းများကို အသုံးပြုလာနိုင်လေသည်။ ရေလျှံသောအခါတွင် ရေများကို လျှံမကျစေရန် ဆည်ရိုးများဖြင့် သိုလှောင်ထားနိုင်ကြလေသည်။ ထို့ပြင် ဆည်ရိုးများဖြင့် ရေ၏မျက်နှာပြင်ကိုလည်း မြင့်တက်စေနိုင်သည်။ ထိုနည်းဖြင့် ရေမြင့်အားကို ပို၍ ကြီးမားစေနိုင်ကြလေသည်။

၁၈၀၀ ပြည့်နှစ်သို့ ရောက်သောအခါတွင် လူတို့သည် ရေ၏စွမ်းအားကို အသုံးပြုရာ၌ ထိရောက်သည့် စက်များကို အသုံးပြုလာနိုင်ကြပြီးလျှင် ၁၈၅၀ ပြည့်နှစ်သို့ ရောက်သောအခါတွင်မူ တာဗိုင်ရဟတ်စက်များကို တီထွင်လာနိုင်ကြသဖြင့် ရေအားဖြင့် လည်စေသည့် တာဗိုင်ရဟတ်စက်များကို တီထွင်ကာ လျှပ်စစ်ဓာတ်ကို ဖြစ်ပေါ်စေနိုင်ကြသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်လည်း ကယားပြည်နယ်ရှိ ဘီလူးချောင်းမှ ရေအားဖြင့် လျှပ်စစ်ဓာတ်အားကို စတင်၍ ထုတ်လုပ်အသုံးချလျက် ရှိနေခဲ့ပြီးဖြစ်သည်။

**မောင်မောင်စွယ်စုံထွန်း**

# မကွေးတိုင်းဒေသကြီးတရားလွှတ်တော်တွင် နိုင်ငံတော်သမ္မတ မိန့်ခွန်းနှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

**မကွေး မေ ၃**

ပြည်ထောင်စု လွှတ်တော် ကတိသစ္စာပြုပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းနှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများအား လမ်းညွှန်အမှာစကား ပြောကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်မိမိမော်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော် သမ္မတကြီး ပြောကြားသည့် မိန့်ခွန်းနှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများအား လမ်းညွှန်အမှာစကား ပြောကြားချက်များကို ထပ်ဆင့်ရှင်းလင်း ပြောကြားပြီး နိုင်ငံတော်၏ မူဝါဒများအားအလေးထားလိုက်နာကာ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှာကြားချက်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စီရင်ဆုံးဖြတ်ရန်၊ တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် အဂတိကင်းရှင်းကြရန် လမ်းညွှန်မှာကြားသည်။

ယင်းနောက် တရားစီရင်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်စန္ဒာအေးက ထပ်ဆင့်ရှင်းလင်းဆွေးနွေးမှာကြားပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **မောင်နိုင်မင်း(ပြန်/ဆက်)**

# တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်သင်ကြား

**လားရှိုး မေ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး ဆောင်ရွက်သည့် တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ပထမအကြိမ် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာန Community Centre ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။



အဆိုပါ သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက အမှာစကားပြောကြားပြီး ခရိုင်အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီသီစိုးက သင်တန်းဖွင့်လှစ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။


ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းသုံး ကုန်ကြမ်းပစ္စည်းများအား သင်တန်းသား၊ သင်တန်းသူများ လက်ဝယ်သို့ ပေးအပ်ခဲ့ပြီး သင်တန်းသုံး သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးကာ စုပေါင်းအမှတ်တရ မှတ်တမ်းဓာတ်ပုံများ ရိုက်ကြသည်။ **(အပေါ်ပုံ)**

သင်တန်းတွင် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာများ၊ စားသောက်ကုန်တွင်သုံးစွဲသော ဓာတုပစ္စည်းများ၊ ထုပ်ပိုးမှုများ နှင့် ကွတ်ကီး၊ နံကထိုင်၊ လှော ပေါ်ဝဲ၊ ပီဇာ၊ မွေးနေ့ကိတ်၊ ရေခဲ မုန့်၊ ပေါင်မုန့်၊ စာကလေးခွေ ကြော်စသည့်မုန့်များအပါအဝင် မုန့်အမျိုးအစား စုစုပေါင်း ၁၆ မျိုးပြုလုပ်နည်းများအား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းပထမအကြိမ်အား မေ ၅ ရက်မှ ၁၁ ရက်အထိလည်းကောင်း၊ ဒုတိယအကြိမ်အား မေ ၁၉ ရက်မှ ၂၅ ရက်အထိလည်းကောင်း စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး လုပ်ငန်းထူထောင်လုပ်ကိုင်လိုသည့် သင်တန်းသား၊ သင်တန်းသူ ငါးဦးအား စိစစ်ရွေးချယ်၍ ငွေကျပ် ၁၈ သိန်းနှင့် ညီမျှသည့် လုပ်ငန်းထူထောင်ရန် လိုအပ်သည့် လုပ်ငန်းသုံးစက်ပစ္စည်းများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**လှမော်(ပြန်/ဆက်)**

၀–၀–၀–၀–၀




# ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ တိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကွန်ဟိန်း မေ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၌ အသက်နှစ်လမှ တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ တိုက်ခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက်မှစတင်၍ မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ ကာကွယ်ဆေးထိုးခြင်း၊ တိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိ အသက်နှစ်လမှ တစ်နှစ်ခွဲအောက်ကလေးငယ်များကို လစဉ်တစ်လခြား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်း၊ တိုက်ကျွေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ စုံလင် ပန္နရေး

## လုပ်အားစွမ်းအား

* တို့နိုင်ငံ လူ့စွမ်းအား  
မောင်လုပ်အား ခေါ်တွင်ပေ ၊  
မြန်ပြေ(ပြည်)မှာ ကုန်ထုတ်အား  
တိုးပွားနိုင်စေ ။  
ဇွဲ ၊ လုံ့လနှင့် ကြိုးစားပေ  
တိုင်းမြန်ပြေ(ပြည်)ပြည့်စုံရေး  
နိုင်ငံမှာ ကုန်ထုတ်အား  
ကြိုးစားမြှင့်ပေး ။

* လုပ်ငန်းခွင် ဘဝရင်း  
ပေးဆပ်ခြင်း နှစ်များစွာ  
တိုင်းပြည်မှာ လုပ်သားများ  
စွမ်းအားမြှင့်ကာ  
ကုန်ထုတ်မှု ခုချိန်ခါ  
ကြိုးစားကာ လုပ်ဆောင်ကြ  
လိုအပ်တာ မှန်သမျှ  
ပြည့်ဝစေရ ။

* တို့တိုင်းပြည် တို့လူမျိုး  
မြင့်မိုးဖို့ စိတ်ကြံစည်  
ကုန်ထုတ်မှု စွမ်းအားများ  
တိုးပွားဖို့ရည်  
လုပ်အားပြ တို့မြန်ပြည်  
လက်မှုသည် ဝေဖြာကြောင်း  
လုပ်အားတွေ ညီညာစု  
စက်မှုပါပေါင်း ။ ။

**ပန်းသစ္စာ(ပုသိမ်ကြီး)**





## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး မေ ၇**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ကန်တော်ကြီးကန်ပတ်လမ်း ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေး၊ ညောင်ကွဲရပ်၊ အကွက်(၂)နေ ဒေါ်ခင်မြအား ရည်စူး၍ (ဖခင်)ဦးကြည်ဝင်းကို အမှူးထားကာ ကိုမောင်မောင်စိုး+ မလှိုင်လှိုင်ဦးနှင့် သား၊သမီး၊မြေး တစ်စုတို့က တစ်နေ့တာဆွမ်း ငွေကျပ် ငါးသိန်း၊ဆေးပဒေသာပင် ငွေကျပ်ငါးသိန်း၊ စုစုပေါင်း ငွေကျပ် ၁၀သိန်းကို လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော် မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူကြသည်။

(အပေါ်ပုံ)

အဆိုပါ ဆေးရုံသို့လှူဒါန်း လိုပါက ဆက်သွယ်ရန် ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်စုံစမ်း မေးမြန်း၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကဆ)

## မိဘမဲ့ကလေးများ စောင့်ရှောက်ရေးပရဟိတဂေဟာကျောင်းတိုက်သို့ မွေးနေ့အထိမ်းအမှတ် ကျွေးမွေးလှူဒါန်း

**မန္တလေး မေ ၇**

မန္တလေး၊ ပြည်ကြီးတံခွန် မြို့နယ်၊ ငွေတော်ကျီကုန်း၊ရဲဘော် ကွက်သစ်ရပ်ကွက်ရှိ လူမှုဝန်ထမ်း ဦးစီးဌာန အသိအမှတ်ပြု ပြည် လုံးချမ်းသာလူမျိုးစုံတိုင်းရင်းသား မိဘမဲ့ကလေးများ စောင့်ရှောက်ရေး ပရဟိတဂေဟာကျောင်းတိုက်တွင် ယမန်နေ့က အလှူရှင် မန္တလေး ရတနာပုံအိုးဘိုရွာနေ ဒေါက်တာ ထက်မြက်လွင်+ဒေါက်တာခင် နှင်းဝေစိုး မိသားစုက၊ (သား) မောင်လျှံဘုန်းထက်ဝေ၏ တစ် နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် အလှူအဖြစ် မိဘမဲ့ကလေးများ အား နေ့လယ်စာ အာဟာရ ထမင်း၊ ဟင်းများဖြင့် ကျွေးမွေး လှူဒါန်းခဲ့သည်။

အဆိုပါ ကျောင်းတိုက်ရှိ တိုင်းရင်းသားမိဘမဲ့ကလေးငယ် များအား တစ်နေ့တာအာဟာရ ဒါန နံနက်စာ၊ နေ့လယ်စာ၊ညနေ စာ ကျွေးမွေးလှူဒါန်းလိုပါက လည်းကောင်း၊ ပညာရေး၊ ကျန်း မာရေးငွေပဒေသာပင် စိုက်ထူ လှူဒါန်းလိုပါကလည်းကောင်း၊ နေထိုင်ရေးအတွက် အဆောင် များ ဆောက်လုပ်လှူဒါန်းလိုပါက လည်းကောင်း အလှူရှင်များ လိုအပ် လျက်ရှိရာ ကျောင်းတိုက်ဦးစီး ပဓာနနာယက သဒ္ဓမ္မဇောတိကာဓဇ ဘဒ္ဒန္တသုမင်္ဂလ(မွှောစရိယ B.A) ဆရာတော် ဖုန်း ၀၉-၂၁၁၀၅၂၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အဆိုပါကျောင်းတိုက်အနေဖြင့် မည်သည့်ဒေသတွင်မှ အလှူခံစေ လွှတ်ထားခြင်းမရှိကြောင်း သိရ သည်။ (မန္တလေးနေ့စဉ်-၁)



## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး မေ ၇**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင် အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာ တော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂ မဟာပဏ္ဍိတ၊အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တကောသဝ(မွှောစရိယ၊ B.A)က ကောင်းမှုကုသိုလ်အစုစု တို့အတွက် ရေစက်ချအနုမောဒနာ တရား ဟောကြားချီးမြှင့်ပြီး မန္တလေးမြို့နေ အလှူရှင် ဒုတိယ ဗိုလ်မှူးကြီး လွင်နိုင်ဝေ(ငြိမ်း)+ ဒေါက်တာသန်းသန်းမြင့် မိသားစု က မိခင်ကြီး ဒေါ်သန်းဆင့်အား ရည်စူး၍ ရာသက်ပန်ဆွမ်းပဒေ သာပင်အတွက် ယခင်လှူဒါန်း ပြီး ငွေကျပ်သိန်း၃၀၊ ဖြည့်စွက် လှူဒါန်း ငွေကျပ်သိန်း ၂၀၊ စုစု ပေါင်း ငွေကျပ်သိန်း ၅၀ကို လှူဒါန်း ရာ ဥပဋ္ဌာကအဖွဲ့၊ တွဲဖက် အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူသည်။ (အပေါ်ပုံ)

ထို့နောက် အဆိုပါအလှူရှင် မိသားစုက ကျောင်းအုပ်ဆရာ တော်အမှူးပြုသော သံဃာတော် များအား နေ့ဆွမ်းဆက်ကပ် ခဲ့ကြောင်း သိရသည်။

**PNT**

*-*-*-*-*

## အသက် နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေး

**ကျောက်ဆည် မေ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည် မြို့နယ်၌ အသက်နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင် မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးခြင်းကို မေ ၆ ရက် နံနက် ၉နာရီက မင်းရပ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ် ကျန်းမာရေးဝန်ထမ်းများက ထိုးနှံ ပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများကို ခရိုင်ပြည်သူ့ဆေးရုံ ကြီးနှင့် ရပ်ကွက်၊ ကျေးရွာများ တွင် ဆေးထိုးစုရပ်များခွဲပြီး အပတ်စဉ်နေ့ရက်များသတ်မှတ်၍ ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေး တိုက်ခြင်းများ ဆောင်ရွက်ပေး လျက်ရှိပြီး ကာကွယ်ဆေးများကို သတ်မှတ်ထားသော အကြိမ်နှင့် သတ်မှတ်ထားသော အသက် အရွယ်တွင် ဆေးထိုး၊ ဆေးတိုက် ပေးနိုင်မှသာလျှင် ကလေးငယ် များအတွက် အဆုတ်ရောင်ကာ ကွယ်ဆေး၊ ငါးမျိုးစပ်၊ ဆုံဆို့နာ ရောဂါ၊ ကြက်ညှာချောင်းဆိုး ရောဂါ၊ မေးခိုင်ရောဂါ၊ အသည်း ရောင်အသားဝါ(ဘီ)ရောဂါ၊ ဦး နှောက်အမြှေးရောင်ရောဂါ၊ ပြင်း ထန်အဆုတ်ရောင်ရောဂါ၊ပိုလီယို



အကြောသေရောဂါ၊ ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ဂျပန် ဦးနှောက်ရောင်ရောဂါ၊ဝက်သက် ရောဂါနှင့် ဂျိုက်သိုးရောဂါတို့မှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

အဆိုပါကာကွယ်ဆေးထိုးနှံ ခြင်း၊ တိုက်ကျွေးခြင်းများကို မြို့နယ်အတွင်းရှိ အသက်နှစ်နှစ် အောက်ကလေးများနှင့် ကိုယ်ဝန် ဆောင်မိခင်များအား ကျန်းမာရေး ဝန်ထမ်း ဆရာမများကအဖွဲ့ခွဲ၍ မြေပြင်ကွင်းဆင်းကာ ရပ်ကွက်၊ ကျေးရွာများရှိစုရပ်အသီးသီးတွင် ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက် ကျွေးခြင်းများကို ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

**စုစုအေး(ကျောက်ဆည်)**



## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး စစ်ဆေးကုသပေး

**သရက် မေ ၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းရှိ ခရိုင် ပြည်သူ့ကျန်းမာနှင့်ကုသရေးဦးစီး ဌာနမှကြီးမှူး၍ အငြိမ်းစားနိုင်ငံ့ ဝန်ထမ်းများအား သွေးတိုး ရောဂါ၊သွေးချိုဆီးချိုရောဂါ၊နှလုံး ရောဂါများအား အခမဲ့စစ်ဆေး ပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်းအခမဲ့ စစ်ဆေးပေးလျက်ရှိပြီး ယမန်နေ့ နံနက် ၉ နာရီက ခရိုင်ပြည်သူ့ ဆေးရုံအောက်ထပ်၌ ဆောင်ရွက် ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစစ်ဆေး ရန် လာရောက်သည့် ဝန်ထမ်း အငြိမ်းစားများအား ခရိုင်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး၏ ကြီး ကြပ်မှုဖြင့် လက်ထောက်ဆရာဝန် များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါ စစ်ဆေး ပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့စီစဉ်ဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇော်ထက်(သရက်)**

*-*-*-*-*

တံတားနှင့်လမ်း၊

ဆေးခန်းနှင့်ကျောင်း၊

ဆည်မြောင်းနှင့်ကန်

သစ်ပင်ရုံမှ

သဏ္ဍာန်လုပ

ပန်းရလိမ့်။

## ပြည်သူများအား ကျန်းမာရေးအသိပညာပေးခြင်းနှင့် ဆေးကုသမှုများ ကွင်းဆင်းဆောင်ရွက်

**စဉ့်ကိုင် မေ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှ ဦးဆောင်၍ ရက် (၁၀၀) စီမံချက်ဖြင့် ပြည်သူများအား ကျန်းမာရေးအသိပညာပေးခြင်း နှင့် ဆေးကုသမှုများကို ယနေ့ နံနက်ပိုင်းက ရန်နိုင်ရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက် ရာတွင် စဉ့်ကိုင်မြို့နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန မြို့နယ် ဆရာဝန်ကြီး ဒေါက်တာအေးလွင်၊ ကျန်းမာရေးဦးစီးမှူး ဒေါ်ယဉ်နွယ် မြင့်၊ မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ ဝန်ထမ်းများ က ရန်နိုင်ရပ်ကွက်နေ ပြည်သူ များအား ကျန်းမာရေးနှင့်ပတ် သက်သည့် အသိပညာများကို ရှင်းလင်းဟောပြောခဲ့ပြီး ပြည်သူ ၁၅ ဦးအား ဓာတ်ခွဲစစ်ဆေးကုသမှု များနှင့် အမျိုးသား ၂၀ ဦး၊ အမျိုး သမီး ၅၉ ဦးအား အထွေထွေ ရောဂါရှာဖွေကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

(အောက်ပုံ)

**ကျော်စွာ(စဉ့်ကိုင်)**



# ပင်စင်စား တရားနိဒါန်း

**နွေးထွေး(ပုသိမ်ကြီး)**




ပင်စင်စားဆိုသည်မှာ အင်္ဂလိပ်စကား 'Pension'ကို အသံယူ၍ ပြောဆိုကြခြင်းဖြစ်သည်။ မြန်မာစာတွင် 'အငြိမ်းစားယူသည်'ဖြစ်၏။ ထိုအခါ ပင်စင်စား(PENSIONER)အစိုးရဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ရရှိသူဖြစ်သည်။ ယခင်က ဝန်ထမ်းစည်းမျဉ်းအရ (SERVICE REGULATION)အသက် ၆၀ ပြည့်လျှင် ပင်စင်ခံစားကြရပါသည်။ ယနေ့ကာလများတွင် အသက် ၆၂ ပြည့်သည်အထိ ဝန်ထမ်းလုပ်သက်ကို တိုးမြှင့်သတ်မှတ်ထားပါသည်။

အစိုးရဝန်ထမ်းအမှုထမ်းဘဝမှ သက်ပြည့်ပင်စင်ရခဲ့လျှင် အငြိမ်းစားရလေပြီ။ 'အငြိမ်းစား' လှပငြိမ်းချမ်းသည်။ အမှန်တကယ်ပဲ ငြိမ်းချမ်းမှုကို ရရှိခံစားနိုင်သည့်ဘဝကို ရရှိနိုင်ကြပါ၏လော။

ဆရာကြီးဦးထွန်းလှိုင်(ဝိနယပါရဂူ ဓမ္မာစရိယ၊ ဂဏဝါစက၊ သိရောမဏိ) သာသနာရောင်ခြည် အယ်ဒီတာချုပ်မှ သူရေးသားထားခဲ့သော 'ပင်စင်အငြိမ်းစား တရားနိဒါန်း'ခေါ် လူသားတို့၏ ထွက်ရာလမ်း'တွင် အောက်ပါအတိုင်း ဖော်ပြထားရှိခဲ့ပေသည်။

**'လူထွက်ရဟန်း၊ နန်းကျဘုရင်**
**ပင်စင်အငြိမ်းစား၊ ယောက်ျားလူထူး**
**ဤသုံးဦးကား၊ စပ်ကူးမပ်ကူး**
**မလွယ်ဘူးတည့်'**

သာသနာတွင် လူအကြည်ညိုခံ၍ နှစ်ပေါင်းရှည်ကြာ ဝါတော်ရပြီးမှ လူ့လောကထံသို့ ရောက်လာခဲ့ရသော ရဟန်းလူထွက်ကြီးများ၊ ဘုန်းမီးနေလတောက်ပခဲ့ကာ သက်ဦးဆံပိုင်အာဏာဖြင့် စိုးစံခဲ့ရာ ရာဇပလ္လင်မှ စွန့်လွှတ်ခဲ့ရသော နန်းကျဘုရင်ဟောင်းများ၊ ထိုပုဂ္ဂိုလ်သုံးဦးတို့သည် လူ့လောကထဲ၌ နေထိုင်သွားလာ လုပ်ကိုင်စားသောက်ရာတွင် အနယ်မထိုင် အနေမကျသေးမီ စပ်ကူးမပ်ကူးကာလ၌ ကိုယ်နှင့်စပ်ဆိုင်သော ကာယိကဒုက္ခ အဖုအထစ်ကလေးများ၊ စိတ်နှင့်စပ်ဆိုင်သော စေတသိကဒုက္ခ အဖုအထစ်ကလေးများ 'ကသိကအောင့်'တွေ့ရှိရတတ်မြဲ ဖြစ်ကြပေသည်။

'ထိုအခါများ၌ လူအို၊ စိတ်အို၊ အလိုမကျသော ဒုက္ခတို့သည် ဘဝကိုပင် နစ်မွန်းစေနိုင်သည်။ ထိုဒုက္ခတို့ကို အနိုင်မခံ အရှုံးမပေးသော အပြုံးဆေးတစ်လက်ကား ဗုဒ္ဓ၏ ငြိမ်းအေးခြင်း တရားတော်ပေတည်း။

အလုပ်တာဝန်များမှ သက်ပြည့်ပင်စင်ယူတော့မည်ဖြစ်သော ဓမ္မာစရိယပါဠိပါရဂူ ဆရာကြီးဦးထွန်းလှိုင်သည် မိမိကိုယ်တိုင် သောက်သုံးရန်အတွက် ဆေးတစ်လက်ကို ဖော်စပ်သုံးဆောင်မှီဝဲရာမှ မိမိနှင့်သက်တူရွယ်တူ ဘဝတူ ပင်စင်စားကြီးများကိုပါ ဆေးတစ်ခွက်စာ ကမ်းလိုသောကြောင့် ထိုကျမ်းစာကို စာမျက်နှာခြောက်ရာကျော်အထိ ရေးသားပြုစုသည်ဖြစ်ရကား 'ပင်စင်အငြိမ်းစား တရားနိဒါန်း'ဟု ကျမ်းအမည်ကို ကင်ပွန်းတပ်လိုက်လေသည်။

ထိုသို့ပင် အမည်ပညတ် ကင်ပွန်းတပ်လိုက်သော်လည်း ကျမ်းအရသာမှာ 'ကြီးငယ်မဟူဦးမည်းဖြူ'တို့အတွက်လည်း လောကီ လောကုတ္တရာ ချမ်းသာခရီးကို အပြီးအပိုင်ရစေနိုင်သောကြောင့် 'လူသားတို့၏ ထွက်ရာလမ်း'ဟု အမည်ထပ်ဆင့်ဖြည့်စွက်ပေးခဲ့ကြသည်ဟု လေ့လာသိရှိရပါသည်။

ပင်စင်အငြိမ်းစားယူပြီးသူများသည် 'ကာလံ ဒေသံ အဂ္ဂံ ခနံ'ဟူသော အခြေခံဘဝပေး အကျိုးတရားများ ရှိကြခံစားကြရမည်သာဖြစ်ပေမည်။ သို့ရာတွင် 'ဇရာ(အိုခြင်း)နောက်မှာ ဝေဒနာ(ရောဂါခံစားနာကြင်မှု)'များသည် ကပ်၍ပါလာကြသည်။ ထိုအခါ -----

(က) ကျန်းမာရေးအခက်အခဲဆင်းရဲမှုများ
(ခ) ပညာရေးအခက်အခဲ ဆင်းရဲမှုများ
(ဂ) စားဝတ်နေမှုစီးပွားရေး အခက်အခဲဆင်းရဲမှုများ
(ဃ) ပေါင်းသင်းဆက်ဆံရေး အခက်အခဲဆင်းရဲမှုများ
(င) နောင်တမလွန်ဘဝရေး အခက်အခဲဆင်းရဲမှုများ
(စ) သံသရာဝဋ် အခက်အခဲဆင်းရဲမှုများ

စသည့် အခက်အခဲဆင်းရဲမှုအမျိုးမျိုးတို့မှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေး နှစ်မျိုးလုံး လိုအပ်သည်မှာ အမှန်တရား အမှန်ပင်ဖြစ်ပါသည်။ သို့သော် ကျန်းမာရေးနှစ်မျိုးရှိရာတွင် အဘယ်ကျန်းမာရေးကို ပို၍ လိုအပ်ပါသနည်းဟု မေးပါမူ 'စိတ်ကျန်းမာရေး'ကို ပို၍ လိုအပ်ပါသည်ဟု ဖြေဆိုရပါလိမ့်မည်။ ကိုယ်ကျန်းမာရေးအပြည့်စုံစေကာမူ စိတ်ကျန်းမာမှုတစ်ခုတည်းဖြင့် အမှန်တရား သိမြင်သွားသူ များစွာရှိခဲ့ပါသည်။

လူဆိုးများထံ 'ထွက်မပြေးပါ'ဟု ဝန်ခံ၍ မိမိ၏ပေါင်ကို ကျောက်ခဲဖြင့် ထုချိုးကာ ဒုက္ခဝေဒနာ ခံစားနေရသည့် အတွင်းမှာပင် ကျန်းမာသောစိတ်ဖြင့် တရားရှုမှတ်ပြီး အမှန်တရားကို သိမြင်သွားသည့် 'တိဿ'အမည်ရှိ ပုဂ္ဂိုလ်ရှိခဲ့ပါသည်။ ထိုအရှင်တိဿမထေရ်၏အကြောင်း သုတ်မဟာဝါ အဋ္ဌကထာ(နှာ-၃၃၉)၌ ဖော်ပြပါရှိ၏။

စာရေးသူတို့သည် မကျန်းမာသော် စိတ်ဓာတ်တွေပါ ညှိုးငယ်အားပျက်ပြီး 'ဘူလေးရာ ဖရုံဆင့်'အောင် ဖြစ်တတ်ကြသည်။ လူမကျန်းမာလျှင် စိတ်မချမ်းသာဖြစ်တတ်ကြသည်။ တကယ်တော့ 'စိတ်ထောင်း၍ ကိုယ်ကြေ'သည်ဟူသာ စကားပုံရှိသည်။ 'ကိုယ်ထောင်း၍ စိတ်ကြေ'သည်ဟု စကားပုံမရှိပါ။ စိတ်သည်သာ ကြံ့ခိုင်ကြီးမားစွမ်းပကားရှိလျှင် မသေမချင်း လောကီ၊ လောကုတ္တရာ အကျိုးတွေကို လုပ်ယူနိုင်သူတွေ များစွာရှိပေသည်။

အမေရိကန်အမျိုးသမီးကြီး 'ဟယ်လင်ကယ်လာ' (Helen Keler)သည် မျက်စိလည်းမမြင်၊ နားလည်းမကြား၊ စကားလည်း မပြောနိုင်ဘဲလျက် အမြင့်ဆုံးစာပေ ပညာဒီဂရီဘွဲ့များကို ဖြေဆိုအောင်မြင်၍ ကမ္ဘာကိုပင် လှည့်လည်နိုင်ခဲ့ပေသည်။

လက်နှစ်ဖက်စလုံးပြတ်နေသော်လည်း ပါးစပ်ဖြင့် စုတ်တံကို ကိုက်ကာ ပန်းချီအနုပညာ ဂုဏ်မြောက်အောင် ရေးဆွဲနိုင်သော ပန်းချီဆရာများလည်း ရှိသည်ဟု လေ့လာသိရှိရပါသည်။

'လူကို စိတ်က အုပ်ချုပ်၏။ စိတ်ကို ဉာဏ်ပညာက အုပ်ချုပ်၏'၊ 'စိတ်သာရှင်စောဘုရားဟော'၊ 'အတ္တာဟိ အတ္တနော နာထော'ဟူသော ဆိုရိုးများ ရှိပါသည်။ ထို့ကြောင့် ပင်စင်အငြိမ်းစားများသည် မိမိကိုယ်မိမိ တရားအသိဖြင့် စောင့်ရှောက်နိုင်ကြရန် ဖြစ်ပါသည်။

အရိယာ သစ္စာ သိသူ ရှိသူဖြစ်ပါလျှင် ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ လောဘ ဒေါသ မောဟ တည်းဟူသော ၁၁ မီးမှ လွတ်မြောက်ကင်းနိုင်ရန် စိတ်ကို တရားအသိဖြင့် နှလုံးသွင်းကြပါလျှင် အလိုမပြည့်သော ပူပင်များမှ ကင်းဝေးကြရပေမည်။ လောကုတ္တရာ နယ်ပယ် အပြန့်ကျယ်လှ၏။

လောကီနယ်တွင် စိတ်မကျန်းမာခြင်း ရှစ်မျိုး ရှိပါသည်။ **'သည်းခံကင်းကွာ၊ ကြံကာကြောက်မှု၊ စွဲပြုကျိုးနည်း၊ လွန်လွဲတွေးသိ၊ သတိမေ့လျော့၊ ပေါ့ဆထင်တွေး၊ မှိုင်ငေးတွေဝေ၊ ဖျင်းရိရွေ၊ ရှစ်ထွေ စိတ်ရောဂါ'**ဟု ဆိုပါသည်။

ထိုရောဂါ ရှစ်မျိုး(စိတ်၏မကျန်းမာသော) ပျောက်လိုပါလျှင် **'ရောဂါပျောက်ချင်၊ သိမြင်ရောဂါ၊ ကြောင်းကြထင်ရှား၊ ဆေးဝါးမှီဝဲ၊ ရှောင်လွှဲမတတ်၊ သင့်လျှော်ယှဉ်ပေါင်း၊ မိတ်ကောင်းရှိစေ၊ ကြိုးစားပေ၊ ရှစ်ထွေရောဂါ ပျောက်ကြောင်းတည်း'**ဟူပါ၏။

ပင်စင်အငြိမ်းစား သက်ကြီးရွယ်အိုတို့ ဘဝအချိန်အခါသည် 'စွန့်လွှတ်ခြင်း'နှင့် 'ပြန်လည်ရှာဖွေခြင်း'ဘဝအချိန်အခါဖြစ်သည်။ အစိုပွါယ်မှဲ့သည့် သောကများကို စွန့်လွှတ်ပြီး မိမိကိုယ်တိုင်၏ ငြိမ်းချမ်းမှုကို ပြန်လည်ရှာဖွေခြင်းဖြင့်သာ သောကကင်းစွာနေနိုင်မည်ဖြစ်ကြောင်း သတိပြုသင့်ပါသည်။ တရားအသိဖြင့် ဆင်ခြင်၍ အိုလာရင် ပြင်ဆင်ထားရမည်မှာ 'မေတ္တာ'ပွားများခြင်းနှင့် အတူ -----

၁။ အိုဖော်(ဂရုစိုက်ကြင်နာပေးသူ)
၂။ အိုသိုက်(နေအိမ်)
၃။ အိုစာ(ငွေကြေး)
၄။ အိုရေး(ကျန်းမာရေး)
၅။ အိုစိတ်(စိတ်နေစိတ်ထား) ဖြစ်ပေသည်။

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင် အငြိမ်းစားဝန်ထမ်းများအချင်းချင်း ကူညီပံ့ပိုးရေးအသင်းကြီးကို အောင်မြင်စွာ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်မှာ ဆယ်စုနှစ် နှစ်လီကျော် ကြာမြင့်စွာ အကောင်အထည်ဖော်ခဲ့ကြပါသည်။ ဆောင်ရွက်ဆဲဖြစ်ပါသည်။ ဆက်၍ ဆောင်ရွက်ကြပေဦးမည်။ အငြိမ်းစားများဘဝ ကတိမ်းကပါးမဖြစ်ကြပါစေရန် မိမိ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများကို တရားအသိဖြင့် ဘဝနေဝင်ချိန်ဆည်းဆာကို တိမ်နီတိမ်ဝါ တိမ်ပြာ တိမ်ရောင်စုံဖြင့် ထွန်းလင်းလှပစွာ ဖြတ်သန်းနိုင်ကြပါစေရန် လေးစားရိုသေစွာဖြင့် ရေးသားတင်ဆက်အပ်ပါသည်။

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြင်ဦးလွင်မြို့နယ်၏ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ



ပြင်ဦးလွင် မေ ၇

မန္တလေးတိုင်းဒေသကြီး၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြင်ဦးလွင်မြို့နယ်၏ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ပြင်ဦးလွင်မြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းနိုင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အကောင်အထည်ဖော်မှုအခြေအနေ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များနှင့် ပတ်သက်၍ တင်ပြဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် တာဝန်ရှိသူများက စီမံကိန်း တာဝန်များပေးအပ်ခဲ့ရာ သက်ဆိုင်ရာဌာနများအလိုက် အသီးသီးလက်ခံရယူခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း လစဉ်စာရင်းအင်းကိန်းဂဏန်း အချက်အလက်များ ပြည့်စုံမှန်ကန်စွာ အချိန်နှင့်တစ်ပြေးညီ ပေးပို့ခဲ့ကြသည့် ဌာနဆိုင်ရာများကို တာဝန်ရှိသူများက ဂုဏ်ပြုခဲ့ကြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက မိမိတို့ သိရှိလိုသည်များကို မေးမြန်းကြပြီးနောက် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ခရိုင်ပြန်/ဆက်**

၀-၀-၀-၀-၀-၀

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၇)၊ ဦးပိုင်အမှတ်(၁၀)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်သည် ဦးမောင်မောင်ကြီး အမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် တကွ ယင်းဂရန်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမောင်မောင်ကြီး(ဘ)ဦးလှဌေး(၉/မနတ(နိုင်)၀၀၄၄၆၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား (မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ – ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး (LL.B) ဦးဝေဖြိုးအောင် (LL.B) ဒေါ်မွှေးမွှေးမြတ်သွယ် (LL.B) ဒေါ်ပွင့်ဖြူကျော် (LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန-၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့်၁၃၄လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည်(၄၄၇/အောင်ချမ်းသာကွင်း) မြေကွက်အမှတ်(၄၄/၂၃၃)၊ ဧရိယာ(၀ ဒသမ ၄၇)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း မျက်နှာဖွင့် တောင်-မြောက်ပေ(၃၀)၊ အရှေ့-အနောက်(မြေပြင်အရှိအတိုင်း)၊ ခန့်မှန်းပေ(၈၀)အကျယ်အဝန်းရှိ ရွာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူ ရောင်းချသူများ ၁။ ဒေါ်ပန်းမျှူစံ(ဘ)ဦးအိုက်ပု(၉/အမဇ(နိုင်)၀၁၇၄၃၇)၊ ၂။ ဒေါ်မြတ်ပွင့်ဖြူစံ(ဘ)ဦးအိုက်ပု(၉/အမဇ(နိုင်)၀၆၇၁၄၄)၊ ၃။ ဒေါ်ကျော့သဉ္ဇာစံ(ဘ)ဦးအိုက်ပု(၉/အမဇ(နိုင်)၀၆၇၁၄၃)၊ ၄။ ဦးကျော်စံဟိန်း(ဘ)ဦးအိုက်ပု(၉/အမဇ(နိုင်)၀၆၇၁၄၂)၊ ၅။ ဦးကျော်စံသိန်း(ဘ)ဦးအိုက်ပု(၉/အမဇ(နိုင်)၀၆၇၁၄၁)တို့က ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ပြည့်စုံထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၆၉လမ်းနှင့်လမ်း၇၀ကြား၊ ၃၆လမ်းနှင့်၃၇လမ်းကြား၊ မဟာနွယ်စဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၇၆၂၂၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၄၁၄)၊ ဦးပိုင်နံပါတ်(နဂါးကွက်သစ်-က/၄၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်ကြည်ရင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မို့မို့(ဘ)ဦးဝင်းမောင်(၉/မရမ(နိုင်)၀၅၈၆၇၄)(၄င်း၏ကိုယ်စား သားဖြစ်သူ ဦးအောင်မိုယ်းမြင့်(ဘ)ဦးမောင်မောင်မြင့်(၉/ခအဇ(နိုင်)၀၀၅၅၄၆) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာစန့် (LL.B) အထက်တန်းရှေ့နေ ဒေါ်မေစင်ဖြိုး (LL.B) အထက်တန်းရှေ့နေ ဦးမျိုးထက်လင်း (LL.B) အထက်တန်းရှေ့နေ ဒေါ်ရွှေရည်ဝင်း (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၇၉၇၂၄၉၆၆၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅)၊ ဦးပိုင်အမှတ်(၅၃)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်တင်မြင့် အမည်ဖြင့် နှစ်(၃၀) ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်၏ (အနောက်ဘက်ခြမ်း)၊ အရှေ့အနောက် ပေ(၂၀)၊ တောင်မြောက်ပေ(၆၀) အကျယ်အဝန်းရှိ ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေအစိတ်အပိုင်း ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမြတ်သူ(ဘ)ဦးထွန်းအေး(၉/အမရ(နိုင်) ၀၉၉၁၈၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက် စာတမ်းအထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မွှေးမွှေးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**
**အထက်တန်းရှေ့နေများ**
**(နန-၁၃/၄)၊ လမ်း(၆၀)၊ ၁၃၃လမ်းနှင့်၁၃၄လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၅)၊ ဦးပိုင်အမှတ်(၃၂) မြေကွက်ပေါ်တွင် ဦးမောင်အေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/နခန(နိုင်)၀၄၃၄၈၃)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၃)၊ ဦးပိုင်အမှတ်(၁+၂၂) မြေကွက်ပေါ်တွင် ဒေါ်ထွေးကြည် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/နခန(နိုင်)၀၃၇၂၉၁)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာန သို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(C-စီ)၊ ဦးပိုင်အမှတ်(၁၀၅+၁၀၆) မြေကွက်ပေါ်တွင် ဒေါ်နီနီထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/မကန(နိုင်)၀၂၃၄၄၄)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၁၀)၊ ဦးပိုင်အမှတ်(၈၁)မြေကွက်ပေါ်တွင် ဦးကျော်သူ(ပါ-၂)နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ကဘလ(နိုင်)၁၄၂၁၂၀)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀)၊ ဦးပိုင်အမှတ်(ဈ-၂၇/ဏ+ဈ-၂၇/တ+ဈ-၂၆/သ) မြေကွက်ပေါ်တွင် ဦးစိုးဖြိုး(ပါ-၂)နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မဟမ(နိုင်)၀၀၇၇၅၂)က SS (၁)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈)၊ ဦးပိုင်အမှတ်(၈၁)မြေကွက်ပေါ်တွင် ဦးသိန်းထွန်းဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရတ(နိုင်)၁၃၁၄၂၅)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၆)ဦးပိုင်အမှတ်(၄၈)မြေကွက်ပေါ်တွင် ဦးမင်းကျင်ခိုင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လရန(နိုင်)၀၇၃၇၀၄)က RC (၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နန-၄၅)၊ ဦးပိုင်အမှတ်(၃+၄)မြေကွက်ပေါ်တွင် ဦးအောင်ကျော်မြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၇၇၀၉၁)က SS (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၄)၊ ဦးပိုင်အမှတ်(၁၉-ဃ) မြေကွက်ပေါ်တွင် ဒေါ်ခင်တုတ် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/မကန(နိုင်)၀၃၅၁၇၉)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၇)၊ ဦးပိုင်အမှတ်(၁၀) မြေကွက်ပေါ်တွင် ဒေါ်ခင်စန်းတင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ပတယ(နိုင်)၀၀၁၃၇၉)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(၈-၆)၊ ဦးပိုင်အမှတ်(၄၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ **ဦးမောင်မောင်ကျော်** အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ၊ မီးမီတာ၊ ရေမီတာ၊ အဝီစိတွင်း၊ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **မိမိက မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ (၂၆-၉-၁၉၉၅)ရက်စွဲပါ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၉၅၉/၁၉၉၅)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရည်ရည်ဝင်း(အဘ)ဦးထွန်းလှိုင်(၉/မရမ(နိုင်)၀၀၇၀၂၃)**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားမှုရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ **(၁၄)**ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူသဲ (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**Office- ၇၇လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ဟေမာဇလရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၈၂၅၆၈၊ ၀၉-၉၅၄၃၂၄၀၀၁၊ ၀၉-၇၉၇၂၅၂၆၂၃**
**royalroselawfirm@gmail.com**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၅)၊ ဦးပိုင်အမှတ်(၁၅၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကျော်မိုး(ဘ)ဦးဆု(DI-၀၃၅၇၃၃) အမည်ဖြင့် ချထားရရှိသော မြေကွက်၏ တောင်ဘက်ခြမ်း(၂၅ပေ×ပေ၂၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူများဖြစ်သော ၁။ ဦးဇေယျာမိုး(ဘ)ဦးသန်းတင်(၉/ခမစ(နိုင်)၀၀၉၂၄၂)၊ ၂။ ဒေါ်ချိုမာနိုင်(ဘ)ဦးထွန်းတင်(၉/ခမစ(နိုင်)၀၁၉၄၈၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆ / ၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃၊ ၀၉-၇၅၀၇၅၀၀၇၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်(၁၅၀)၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးကိုကိုကြီး(ဘ)ဦးစော(၉/မနမ(နိုင်)၀၁၈၁၃၂)အမည်ဖြင့် ချထားရရှိသော မြေကွက်၏ မြောက်ဘက်ခြမ်းပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးမျိုးမင်း(ဘ)ဦးဝင်းဘို(၉/ပကခ(နိုင်)၀၀၃၇၅၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆ / ၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃၊ ၀၉-၇၅၀၇၅၀၀၇၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၁)၊ ဦးပိုင်နံပါတ်(၅၉-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက (ပေ၃၀×၄၅ပေ)အကျယ်အဝန်းရှိ ဦးအောင်ရွှေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြကြည်(ဘ)ဦးမှတ်ကြီး(၅/မမန(နိုင်)၀၂၀၄၁၆)ထံမှ ကျွန်ုပ်၏ မိတ်ဆွေများက တောင်ဘက်ခြမ်း(၁၅×၄၅)ပေ အကျယ်အဝန်းနှင့် မြောက်ဘက်ခြမ်း(၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်တို့အား (၂)ကွက်ခွဲ၍ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေများအားလုံးကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ -**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ သုခမင်္ဂလာ(၃)ရပ်ကွက်၊ အကွက်အမှတ်(၄၉၈-က/ကျီကုန်း)၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဒေါ်မာဂရက်စန်းမောင်(ပါ-၅)အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံနှင့်တကွ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပုသိမ်ကြီးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်နှင့် စွန့်လွှတ်ခြင်းစာတမ်းစာချုပ်တို့အရ လက်ရှိပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးကြည်စိုး(ဘ)ဦးကျော်မြင့်(၉/ပသက(နိုင်)၁၃၇၁၅၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဦးတင်ဇော်လတ် (LL.B) ဦးရဲကျော်သူ (LL.B) ဦးငြိမ်းချမ်းကျော် (LL.B) ဦးစည်သူမြင့် (LL.M)**
**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ**
**ယုဇနလမ်းသွယ်၊ သုခမင်္ဂလာ(၂)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၀၂၆၂၂၄၇၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၇)၊ ဦးပိုင်အမှတ်(၅၉)၊ ဧရိယာ(၀ ဒသမ ၀၆၀၆)ဧက အကျယ်အဝန်းရှိ ဦးထွန်းအောင်ကျော်(ပါ-၄)အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း(ပေ၂၀×၆၆ပေ)အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးပြုခွင့်၊ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိလက်ရှိဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးစည်သာထွန်း(ဘ)ဦးတင်မောင်ထွန်း(၉/မဟမ(နိုင်)၀၀၁၂၁၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာချုပ်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်များအားလုံးကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရွှေမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(၅၂၄၆)**
**ဒေါ်သီဂီလှိုင် (LL.B), (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၂၄)**
**၆၉လမ်း၊ ၃၃(A)လမ်းနှင့်၃၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း၀၉-၂၀၁၄၈၂၃၊ ၀၉-၂၀၀၂၃၄၈ ၊ ၀၉-၇၇၂၀၀၂၃၄၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၂)၊ ဦးပိုင်နံပါတ်(၅၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးဝင်းမောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း(၁၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေနေရာချထားပေးခြင်းခံခဲ့ရသူ (ဖခင်)ဦးဝင်းမောင် ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပူးတွဲပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်မိုးမိုး(၉/မနတ(နိုင်)၀၈၂၃၆၂)၊ ဒေါ်ခင်မာမိုး(၉/မနတ(နိုင်)၀၆၈၇၈၅)နှင့် ဦးကျော်နိုင်(၉/မနတ(နိုင်)၀၀၄၂၇၇)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသဇင်အောင် (LL.M) ဦးဖြိုးသာခန့် (LL.B) ဦးစည်သူအောင် (LL.B) ဒေါ်သဲမို့မို့ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး
မန္တလေးမြို့
ကြေညာချက်အမှတ်(၁/၂၀၂၆)
၁၃၈၈ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၂၆ ခုနှစ်၊ မေလ ၅ ရက်)

**တတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇၄၊ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၀၊ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေခွဲငယ်(၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး၌ ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် (၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်)(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**အောင်ကျော်မိုး**
**ဥက္ကဋ္ဌ**

## ၂၀၂၆ အာဆီယံ ယူ-၁၉ အမျိုးသားချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များထွက်ပေါ်

**ရန်ကုန် မေ ၇**

အင်ဒိုနီးရှားနိုင်ငံတွင် အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်မည့် အာဆီယံ ယူ-၁၉ အမျိုးသား ချန်ပီယံရှစ်ပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲကို ကျင်းပပြုလုပ်ခဲ့ရာ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာခဲ့သည်။

အုပ်စုပွဲစဉ်များအဖြစ် အုပ်စု(A)တွင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ တီမောလက်စတေ၊ မြန်မာ၊ အုပ်စု(B)တွင် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်း၊ အုပ်စု(C)တွင် ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်တို့အသီးသီး တွေ့ဆုံလျက်ရှိသည်။

၂၀၂၆ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲကို လာမည့် ဇွန် ၁ ရက်မှ ၁၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)




# ၂၀၂၆ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၇**

ကျောင်းသားကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ဧပြီ ၂၇ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရေတပ်သားဘာသာရပ်၌ ပါဝင်သည့် ရေကြောင်းဝေါဟာရ၊ ကျောက်ဆူးနှင့် ကျောက်ကြိုးသင်ခန်းစာ၊ ရေယာဉ်ကိုင်တွယ် မောင်းနှင်မှုနှင့် တက်မထိန်းသင်ခန်းစာ၊ ရေကူးဘာသာရပ်၌ ပါဝင်သည့် ခြေခတ်၊ လက်ဆွဲမြေပြင်သင်ခန်းစာ၊ ပက်လက်ကူး၊ ပေါင်းစပ်ကူးခတ်ခြင်း၊ မှောက်လျက်ကူး သင်ခန်းစာများကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၉၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိအင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၀၀၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၃၅ ဦး၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၁၂၀၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ် စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀၊ ပုသိမ်မြို့ရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၅ ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲဒေသရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၀၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ





၅၀၊ ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀ နှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်းလူငယ် စခန်းမှ သင်တန်းသား သင်တန်းသူ ၇၅ ဦးတို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁၀) နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းအမှတ်စဉ်(၉) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၂၀ တွင် စုစုပေါင်း သင်တန်းသား ၁၀၄၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိရာ မှော်ဘီမြို့ရှိ မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်းမှ သင်တန်းသား ၆၃ ဦး၊ ရန်ကုန်မြို့ရှိ ရန်ကုန်သင်တန်းစခန်းမှ သင်တန်းသား ၅၀၊ နမ့်စန်မြို့ရှိ နမ့်စန်သင်တန်းစခန်းမှ သင်တန်းသား ၅၀၊ တောင်ကြီးမြို့ရှိ တောင်ကြီးသင်တန်းစခန်းမှ သင်တန်းသား ၆၀၊ တောင်ငူမြို့ရှိ တောင်ငူသင်တန်းစခန်းမှ သင်တန်းသား ၆၀၊ မုံရွာမြို့ရှိ မုံရွာသင်တန်းစခန်းမှ သင်တန်းသား ၅၀၊ ပုသိမ်မြို့ရှိ ပုသိမ်သင်တန်းစခန်းမှ သင်တန်းသား ၅၃ ဦး၊ မိတ္ထီလာမြို့ရှိ မိတ္ထီလာသင်တန်းစခန်းမှ သင်တန်းသား ၅၀၊ နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦးနှင့် ကျိုင်းတုံမြို့ရှိ ကျိုင်းတုံသင်တန်းစခန်းမှ သင်တန်းသား ၅၀ တို့အား အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းလူငယ်သမိုင်းဘာသာရပ်၊ လေကြောင်းပညာ သမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများ ဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဓာတ်သွေး၊ ဓာတ်မာန်ဘာသာရပ်၊ RC လေယာဉ်/ ရဟတ်ယာဉ် မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကျန်သင်တန်း စခန်းအသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**